ကြေးမုံ
The Mirror

၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်၊ ကြာသပတေးနေ့၊(14-6-2012) (၇၁၅၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား အမေရိကန်နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Michael E. Thurston ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုနှင့် တိုးတက်မှုအခြေအနေများ၊ ရွေးကောက်ပွဲဆိုင်ရာများ၊ နိုင်ငံရေးပါတီဆိုင်ရာများ၊ နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဦးဝင်းကြည်၊ ဦးညွန့်တင်နှင့် အတွင်းရေးမှူး ဦးဝင်းကိုတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) မှ မြန်မာနိုင်ငံအပေါ် တားမြစ်ကန့်သတ်ချက်အများစုကို ရုပ်သိမ်း

တားမြစ်ကန့်သတ်ချက်များ ရုပ်သိမ်း၊ ပယ်ဖျက်၊ ဆိုင်းငံ့ခြင်းကြောင့် မြန်မာပြည်သူပြည်သားများ၏ အကျိုးစီးပွားအတွက် EU နှင့် ကုန်သွယ်မှုပြုလုပ်ရာတွင် အထူးအကျိုးခံစားခွင့်များ ရရှိလာနိုင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အလုပ်သမားဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်

"အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့(ILO)မှ မြန်မာနိုင်ငံအပေါ် တားမြစ်ကန့်သတ်ချက်အများစုကို ရုပ်သိမ်းခြင်း"

၁။ မြန်မာနိုင်ငံမှ အဓမ္မစေခိုင်းမှု ပပျောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ၁၉၉၉ ခုနှစ် (၈၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာညီလာခံနှင့် ၂၀၀၀ ပြည့်နှစ် (၈၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံတို့မှ မြန်မာနိုင်ငံအပေါ် တားမြစ်ကန့်သတ်သော ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ အဓမ္မစေခိုင်းမှု ပပျောက်ရေးဆောင်ရွက်ချက်များကို (ILO) အုပ်ချုပ်ရေးအဖွဲ့ဝင် အစိုးရ၊ အလုပ်သမားနှင့် အလုပ်ရှင်ကိုယ်စားလှယ်များပါဝင်သော ဆုံးဖြတ်ချက်မူကြမ်းရေးဆွဲရေးကော်မတီ (Selection Committee) သည် ၂၀၁၂ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့မှ ဇွန်လ ၁၁ ရက်နေ့အထိ အသေးစိတ်လေ့လာ သုံးသပ်ဆွေးနွေးခဲ့ကြပြီးနောက် ဆုံးဖြတ်ချက်မူကြမ်းကို ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် (၁၀၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံ စုံညီအစည်းအဝေးသို့ တင်သွင်းခဲ့ပါသည်။

၂။ ညီလာခံတွင် (Selection Committee)မှ တင်သွင်းခဲ့သည့် ဆုံးဖြတ်ချက်မူကြမ်းကို တက်ရောက်လာကြသော အစိုးရကိုယ်စားလှယ်များ၊ အလုပ်သမားအဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် အလုပ်ရှင်အဖွဲ့အစည်းကိုယ်စားလှယ်များက တညီတညွတ်တည်း တစ်ခဲနက် ထောက်ခံခဲ့ကြသောကြောင့် ဆုံးဖြတ်ချက်သည် ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၃ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၁၀ မိနစ်(မြန်မာစံတော်ချိန် ည ၁၀ နာရီ မိနစ် ၄၀)တွင် အတည်ဖြစ်ခဲ့ပါသည်။

၃။ (၁၀၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံက အတည်ပြုခဲ့သော မြန်မာနိုင်ငံနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်မှ လိုရင်းအချက်များမှာ-

(က) ၁၉၉၉ ခုနှစ် (၈၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံမှ ချမှတ်ခဲ့သည့် တားမြစ်ကန့်သတ်ချက်အားလုံးကို ရုပ်သိမ်းရန်၊

(ခ) ၂၀၀၀ ပြည့်နှစ် (၈၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ ညီလာခံမှ ချမှတ်ခဲ့သည့် တားမြစ်ကန့်သတ်ချက် ငါးချက်ရှိခဲ့ပါသည်။ ယင်းငါးချက်အနက် ကန့်သတ်ချက် အပိုဒ်ခွဲ(ဂ) ဖြစ်သော မြန်မာနိုင်ငံနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများက ပြန်လည်စဉ်းစားသုံးသပ်ရန်အချက်၊ အပိုဒ်ခွဲ (ဃ)ဖြစ်သော မြန်မာနိုင်ငံနှင့်ပတ်သက်၍ ကုလသမဂ္ဂညီလာခံနှင့် ECOSOC အစည်းအဝေး၌ ဆုံးဖြတ်ချက်များ ချမှတ်ပေးရန်အချက်၊ အပိုဒ်ခွဲ(င)ဖြစ်သော မြန်မာနိုင်ငံက စုံစမ်းရေးကော်မရှင်၏ ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်မှုများအား အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများသို့ အစီရင်ခံရန် အချက်တို့ကို ရုပ်သိမ်းရန်ဆုံးဖြတ်ခဲ့ပါသည်။ အပိုဒ်ခွဲ(ခ)ဖြစ်သော မြန်မာနိုင်ငံနှင့် ဆက်ဆံရေးတွင် လိုအပ်သော သုံးသပ်မှုများပြုလုပ်ရန် တားမြစ်ကန့်သတ်ချက်ကို တစ်နှစ်ဆိုင်းငံ့ရန် (suspend) ဆုံးဖြတ်ခဲ့ပါသည်။ ထို့အပြင် အပိုဒ်ခွဲ(က)အရ ဆောင်ရွက်သော အထူးအစည်းအဝေး (Special Sitting) ကို ယခုကဲ့သို့ အဓမ္မစေခိုင်းမှုပပျောက်ရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်နေသမျှ ရပ်စဲထားရန်ဖြစ်ကြောင်း (Selection Committee) အစည်းအဝေးမှတ်တမ်းတွင် ဖော်ပြထားပါသည်၊

(ဂ) လျင်မြန်စွာပြောင်းလဲနေသော မြန်မာနိုင်ငံအတွက်အခွင့်အရေးများလက်လွတ်ဆုံးရှုံးမှု မရှိစေရန် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့က မြန်မာနိုင်ငံအပေါ် နည်းပညာအကူအညီများ ဦးစားပေးဆောင်ရွက်ပေးသွားရန်နှင့် လိုအပ်သော ဘဏ္ဍာငွေအရင်းအမြစ်များကို အဖွဲ့ဝင်နိုင်ငံများနှင့် အဖွဲ့အစည်းများက ထည့်ဝင်ကြရန်၊

(ဃ) နိုင်ငံတော်အစိုးရသည် သတ်မှတ်ထားသော ရည်မှန်းချက်ကာလထက်စော၍အဓမ္မစေခိုင်းမှု ပပျောက်စေရန် ပူးတွဲမဟာဗျူဟာကို အလျင်အမြန် အကောင်အထည်ဖော်ရန်၊

၄။ တားမြစ်ကန့်သတ်ချက်များကို ရုပ်သိမ်း၊ ပယ်ဖျက်၊ ဆိုင်းငံ့ခြင်းတို့ကြောင့် မြန်မာပြည်သူပြည်သားများ၏ အကျိုးစီးပွားအတွက် EU နှင့် ကုန်သွယ်မှုပြုလုပ်ရာတွင် အထူးအကျိုးခံစားခွင့်များ ရရှိလာနိုင်ပါသည်။

၅။ (၁၀၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာညီလာခံသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်တို့ ဦးဆောင်၍ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်စဉ်တွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်တို့မှ နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ၊ အလုပ်ရှင်အဖွဲ့အစည်းများနှင့် အလုပ်သမားအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များကို တွေ့ဆုံပြီး မြန်မာနိုင်ငံ၏တိုးတက်ဖြစ်ပေါ်မှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား ပြည့်စုံပီပြင်စွာ ဆွေးနွေးရှင်းလင်းခဲ့သဖြင့် မြန်မာပြည်သူပြည်သားများ၏ ကောင်းကျိုးအတွက် အကျိုးရလဒ်ကောင်းများ ဆောင်ကြဉ်းပေးနိုင်ခြင်းဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန
၂၀၁၂ ခုနှစ်၊ ဇွန်လ (၁၃) ရက်

ကြေးမုံစာတည်းရှုထောင့်

၁၄-၆-၂၀၁၂[ကြာသပတေးနေ့]။

သွားလမ်းသာအောင် ပြင်ဆင်

တံခါးဖွင့်စီးပွားရေးစနစ်၊ ဈေးကွက်စီးပွားရေးစနစ်များနှင့်အတူ အလျင်အမြန် တိုးတက်လာနေသော ရန်ကုန်မြို့ကြီးတွင် ခရီးသွားများ ဥဒဟိုဝင်ထွက်သွားလာနေကြပြီဖြစ်သည်။ အတုယူစရာမှာ ယာဉ်ကြောပိတ်ဆို့မှုများကြောင့် သွားလာမှုနှောင့်နှေးကြန့်ကြာခြင်း၊ လေဆိပ်၊ ဘူတာ၊ လုပ်ငန်းခွင်အစည်းအဝေးများသို့ အချိန်မီမရောက်ခြင်းများမှ ရှောင်ရှားနိုင်ရန်အတွက် ဖွံ့ဖြိုးပြီးနိုင်ငံများကဲ့သို့ ရပ်ကွက်တစ်ခုလျှင် အများသုံး ကားပါကင်တစ်ခု အမြန်ဆုံးတည်ဆောက်သင့်ပြီ၊ ကားပါကင်များတွင်သာ ကားများ ရပ်နားထားရပြီး လမ်းမများပေါ်တွင် ကားများရပ်ထားခြင်းကို ခွင့်မပြုသည့်အတွက် လေးလမ်းသွားကားလမ်းမကြီးများတွင် လမ်းရှင်း၍ ယာဉ်ကြောလေးခုလုံး အသုံးပြုမောင်းနှင်နိုင်သဖြင့် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်နိုင်။

အဓိကယာဉ်ကြောပိတ်ဆို့ရခြင်းမှာ လမ်းမများပေါ်တွင် ကားများ တန်းစီရပ်နားထားကြသောကြောင့် ယာဉ်ကြောကျဉ်းသွားပြီး ကားများတန်းစီမောင်းနှင်နေရသဖြင့် ပိတ်ဆို့မှုများ ဖြစ်ပွားရခြင်းဖြစ်သည်။ ထိုပိတ်ဆို့ကြန့်ကြာမှုသည် ကျောင်းသား၊ ဝန်ထမ်း၊ အခြေခံလူတန်းစားအားလုံးလည်း ထိခိုက်ပါသည်။ ကျောင်း၊ ရုံး၊ လုပ်ငန်းခွင်များသို့ အချိန်မီမရောက်၍ မျက်နှာငယ်ရပါသည်။

မြန်မာနိုင်ငံ၏ကားစီးရေသည် လူဦးရေနှင့်အချိုးချကြည့်ပါက အာရှတွင် အနည်းဆုံးဖြစ်နေသည်ကို တွေ့ရပါသည်။ ကားစီးရေနည်းပြီး ယာဉ်ကြောကျပ်ရသည့်အကြောင်းရင်းမှာ ရပ်ကွက်တိုင်း အများသုံးကားပါကင် မရှိသောကြောင့် မိမိအိမ်ရှေ့ရှိ လမ်းမများပေါ်တွင် အဆင်ပြေသလိုရပ်နားထားကြရသည်က အဓိကအကြောင်းဖြစ်သည်။ ကားစီးရေများလာသည့်အခါ ကားလမ်းသည် ကားသွားရန်အတွက် ၅၀ ရာခိုင်နှုန်းသာရရှိပြီး ကားရပ်ရန်အတွက် ၅၀ ရာခိုင်နှုန်း ပေးလိုက်ရသဖြင့် ယာဉ်သွားလမ်း တစ်ဝက်ပျောက်သွားသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများမှာကဲ့သို့ မိမိအိမ်ရှေ့နှင့် လမ်းမများပေါ်တွင် ကားတာရှည်ရပ်နားခွင့်မပြုဘဲ တာရှည်ရပ်နားထားမည်ဆိုပါက ရပ်ကွက်ရှိ အများသုံး အခပေးကားပါကင်များတွင်သာ သွားရောက်ရပ်နားရသည့်စနစ်ကို ကျင့်သုံးလိုက်ပါက လမ်းမများရှင်းလင်းသွားပြီး ယာဉ်များလည်း အချိန်နှင့် တစ်ပြေးညီ လိုရာခရီးသို့ မောင်းနှင်နိုင်ပါလိမ့်မည်။

ယခုအချိန်တွင် ဖွံ့ဖြိုးတိုးတက်စပြုနေပြီဖြစ်သဖြင့် မြေလွတ်၊ နေရာလွတ်များတွင် အဆောက်အအုံများ ဝင်ရောက်ဆောက်လုပ်ခြင်းမပြုမီ မြို့နယ်၊ ရပ်ကွက်တိုင်းတွင် နေရာသတ်မှတ်၍ အများသုံးအခပေး ကားပါကင်နေရာများကို ဖော်ထုတ်ကာ အချိန်မီတည်ဆောက်ပေးပါမှ နောင်တိုးပွားလာမည့် ကားများအတွက်လည်း လမ်းရှင်းပြီးသားဖြစ်သွားမည်ဖြစ်သည်။ မြို့တွင်းရပ်နားခကောက်ခံ၍ လမ်းမများပေါ် ကားပေးရပ်ခြင်းကိုလည်း အဆိုပါအခပေးပါကင်နေရာများသို့ ရွှေ့ပြောင်းရပ်နားစေခြင်းဖြင့် မြို့တွင်းလမ်းမများလည်း ရှင်းလင်းသွားသည်ကို တွေ့မြင်ရပါလိမ့်မည်။

ကားပိုင်ရှင်တိုင်း ကားထားနိုင်ရန်အတွက် မိမိအိမ်နှင့်မဝေးလွန်းသည့်နေရာများတွင် အကွက်ချ၍ စီစဉ်ပေးရပါမည်။ သင့်တင့်သည့် လပေးနှုန်း၊ သင့်တင့်သည့်နာရီကျသင့်ငွေများကိုလည်း သတ်မှတ်ပေးရပါမည်။ မြေဧရိယာမကျယ်ဝန်းပါက အထပ်မြင့်ပါကင်များကို စီစဉ်ပေးရပါမည်။

ထိုသို့ ကြိုတင်ပြင်ဆင်ထားပါမှ ဖွံ့ဖြိုးတိုးတက်လာမည့်မြို့အတွက် လမ်းရှင်းစနစ်ကောင်းမွန်လာပါလိမ့်မည်။ ဆေးပညာစကားဖြင့် ပြောရမည်ဆိုပါက ကာကွယ်ခြင်းသည် ကုသခြင်းထက် ပို၍ကောင်းသည်ဆိုသည့်အတိုင်း ယခုကတည်းက ကြိုတင်ပြင်ဆင်ထားပါမှ ပါကင်နေရာကောင်းများ ရရှိနိုင်မှာဖြစ်ပြီး နောင်နေရာလွတ်များ မရှိတော့သည့်အချိန်တွင် ကြုံတွေ့ရမည့်အခက်အခဲများကို ကြိုတင်ဖြေရှင်းပြီးသားဖြစ်ပေလိမ့်မည်။ ။

နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌအား ထိုင်းနိုင်ငံအခြေစိုက် အာရှပစိဖိတ်ဒေသဆိုင်ရာ ဗဟိုဌာနမှအဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၃

အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး မောင်မောင်ထူးအား UNDP ဌာနချုပ်၏ ထိုင်းနိုင်ငံအခြေစိုက် အာရှပစိဖိတ်ဒေသဆိုင်ရာဗဟိုဌာန(APRC)မှ Mr. Thomas Beloe နှင့်အဖွဲ့သည် ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ကော်မတီအဆောင်အမှတ် (၂၀)ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၌ လွှတ်တော်မှ ပါဝင်ဆောင်ရွက်နေမှုများ၊ နိုင်ငံတော်အစိုးရ၊ ပြည်သူများနှင့်အတူ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာကဏ္ဍအလိုက် အပြည့်အဝ ပူးပေါင်းဆောင်ရွက်နေမှုများ၊ အမျိုးသားအကျိုးစီးပွားအတွက် လွှတ်တော်ကိုယ်စားလှယ်များ၏ ပါဝင်ဆောင်ရွက်နေမှုများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ UNDP မှ ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲသို့ နိုင်ငံတကာဆက်ဆံရေးကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

အထူးအထွက်တိုးပုလဲသွယ်စပ်မျိုးစပါး ကြံခင်းမြို့နယ်တွင် စံကွက်ရိတ်သိမ်း

ကြံခင်း ဇွန် ၁၃

ဟင်္သာတခရိုင် ကြံခင်းမြို့နယ် ကွန်ချောင်းဆည်ရေသောက် သုံးသီးစိုက်နွေစပါး အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး ၁၈ ဧက စိုက်ကွင်းစံကွက်ရိတ်သိမ်းပွဲကို ဇွန် ၁၀ ရက် နံနက် ၁၀ နာရီတွင် ဘက်ရဲရှေ့တန်း စခန်းနယ်မြေ ဘက်ရဲကျေးရွာအုပ်စု ကွင်းအမှတ်(၅၉) ဦးပိုင် ၃၇ လယ်သမားဦးမြင့်အောင်၏ လယ်မြေ၌ကျင်းပရာ တစ်ဧက (၁၇၈)တင်းနှုန်း ထွက်ရှိခဲ့သည်။

စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့တက်ရောက်ခဲ့ပြီး ဇီးပင်ကွင်းကျေးရွာအုပ်စု ကွင်းအမှတ်(၇၀) ရောကြံခင်းဆန်စပါးအထူးပြုကုမ္ပဏီအဆင့်မြင့် စံပြလယ်ယာမြေဖော်ထုတ်ပြီးစီးမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုခဲ့သည်။ (၆၄၈)

သစ်တော သစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၃ - ၆ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ (ကျပ်)	၈၄၄. ၀၀၀	၀. ၀၀၁၁၈
ထိုင်း (ဘတ်)	၃၁. ၅၁၁၀	၀. ၀၃၁၇၃
တရုတ် (ယွမ်)	၆. ၃၆၇၂၀	၀. ၁၅၇၀၅
အိန္ဒိယ(ရူပီး)	၅၅. ၅၈၈၄	၀. ၀၁၇၉၉
မလေးရှား (ရင်းဂစ်)	၃. ၁၈၁၇၅	၀. ၃၁၄၂၉
စင်ကာပူ (ဒေါ်လာ)	၁. ၂၈၀၃၄	၀. ၇၈၁၀၄
ဂျပန် (ယန်း)	၇၉. ၄၀၄၈	၀. ၀၁၂၅၉
တောင်ကိုရီးယား(ဝမ်)	၁၁၆၇. ၇၉	၀. ၀၀၀၈၆
ယူရို	၀. ၇၉၈၀၁	၁. ၂၅၃၁၁
ဗြိတိသျှ (ပေါင်)	၀. ၆၄၃၁၅	၁. ၅၅၄၈၄

အင်တာနက်။

ယနေ့ ဖတ်စရာ မှတ်စရာ

ဦးဟန်ညွန့်(ဥပဒေ)

တရားရုံးနှင့် တံဆိပ်ခေါင်းခွန်

ကျွန်တော်သည် တရားလွှတ်တော်ရှေ့နေတစ်ဦးဖြစ်ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အပါအဝင် တရားရုံးအဆင့်ဆင့်များသို့ အမှုလိုက်ရန် သွားရောက်ခဲ့ပါသည်။ တရားရုံးအသီးသီးသို့ လျှောက်လွှာများ အမှုမျိုးစုံအလိုက် တင်သွင်းရပါသည်။ ကျွန်တော်ကဲ့သို့ပင် အခြားသောရှေ့နေများလည်း လျှောက်လွှာများတင်သွင်းကြရပါသည်။ ထိုအခါ တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရလေ့ရှိပါသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက အခွန်ဆိုင်ရာနည်းဥပဒေများနှင့် စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာများ အသီးသီးထုတ်ပြန်ခဲ့ပါသည်။ ထုတ်ပြန်ခဲ့သော ရက်စွဲမှာ ၁၅-၃-၂၀၁၂ ဖြစ်ပါသည်။

အဆိုပါအမိန့်ကြော်ငြာစာများမှာ သတင်းစာထဲတွင် အပြည့်အစုံမပါရှိပါ။ မြန်မာနိုင်ငံပြန်တမ်းများတွင် အပြည့်အစုံဖော်ပြထားသည်ကိုမူ ဖတ်ရှုရပါသည်။ (ပြန်တမ်းမဖတ်သူများ ပြည့်ပြည့်စုံစုံသိနိုင်မည်မထင်ပါ)အများသိအောင် လုပ်ဖို့လည်း စဉ်းစားထိုက်ပါသည်။

တံဆိပ်ခေါင်းခွန်

ထုတ်ပြန်ခဲ့သောအမိန့်ကြော်ငြာစာများမှာ ဝင်ငွေခွန်ဆိုင်ရာနည်းဥပဒေ၊ စည်းမျဉ်း၊ ကုန်သွယ်လုပ်ငန်းခွန်များအပါအဝင် မြန်မာနိုင်ငံတံဆိပ်ခေါင်းနည်းဥပဒေတို့ပါဝင်ပါသည်။ တရားရုံးနှင့် တိုက်ရိုက်သက်ဆိုင်သော တံဆိပ်ခေါင်းခွန်နှုန်းထားများကိုသာ ဤဆောင်းပါးတွင် တင်ပြလိုရင်းဖြစ်ပါသည်။

အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့်

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ ၇၅ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မြန်မာနိုင်ငံတံဆိပ်ခေါင်းနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။

တံဆိပ်ခေါင်းခွန်နှုန်းထားများ

စာချုပ်စာတမ်းအမျိုးအစားကိုလိုက်၍ ကျသင့်တံဆိပ်ခွန်ကို ဇယားဖြင့် ဖော်ပြထားပါသည်။

ဥပမာ - ကျမ်းကျိန်လွှာ - ၂၅၀ ကျပ်
- လွှတ်တော်ရှေ့နေဖြစ်သင် စည်းမျဉ်း - ၅၀၀၀၀ ကျပ်
- ကွာရှင်းမှုစာချုပ်စာတမ်း - ၂၅၀၀ ကျပ်
- လွှတ်တော်ရှေ့နေအဖြစ် ရေးသွင်းသည့်စာတမ်း - ၁၀၀၀၀၀ ကျပ်
- နိုတြီသက်သေခံလက်မှတ် - ၁၀၀ ကျပ်
- ကိုယ်စားလှယ်လွှဲစာ - ၅၀၀ ကျပ်

(ကိစ္စအမျိုးမျိုးအလိုက် ကွဲပြားသည်)
(အမှတ်စဉ်-၁-မှ ၆၅ -အထိပါရှိပါသည်)

အခွန်တာဝန်ကျေလိုသည်

နိုင်ငံသားတိုင်း အခွန်တာဝန် ကျေပွန်လိုပါသည်။ နိုင်ငံတော်က သတ်မှတ်ပြင်ဆင်ထားသည့်အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်လိုကြပါသည်။ တာဝန်ကျေလိုသော နိုင်ငံသားတိုင်း အသိဗဟုသုတရှိစေရန် လိုအပ်ပါမည်။ နိုင်ငံတော်ပြန်တမ်းကို လေ့လာဖတ်ရှုရန်ခက်ခဲသူများအတွက် ကျယ်ကျယ်ပြန့်ပြန့်သိရှိရေး နည်းလမ်းပေါင်းစုံ စဉ်းစားပေးထိုက်ပါသည်။ တရားရုံးအဆင့်ဆင့်နှင့် ပြည်တွင်းအခွန်ဦးစီးဌာနများ နီးကပ်စွာချိတ်ဆက်ပေးပြီး တံဆိပ်ခေါင်းခွန် လွယ်ကူစွာထမ်းဆောင်ရေးအစီအမံများချမှတ်ပေးသင့်ပါသည်။

လက်တွေ့လုပ်ငန်းခွင်များ

လက်တွေ့လုပ်ငန်းခွင်များသို့ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးဖို့ လိုအပ်နေပါသည်။ တံဆိပ်ခေါင်းခွန်များ ပြည့်ပြည့်စုံစုံရှိပါသလား။ သုံးစွဲဝယ်ယူသူများအတွက် အခက်အခဲမရှိစနစ်တကျရှိပါသလား။ တရားရုံးနှင့်အလှမ်းကွာဝေးသော ပြည်တွင်းအခွန်ဦးစီးဌာန ရုံးများသို့သွားလာဆက်သွယ်နေရ၍၊ အချိန်မမီ၍၊ ကြန့်ကြာ၍ အခက်အခဲ အနှောင့်အယှက်ဖြစ်ရပုံများကို မည်သို့ကူညီကုစားသင့်ပါသလဲ။ တာဝန်မဲ့ဝန်ထမ်းများကြောင့် တံဆိပ်ခေါင်းခွန်ဝယ်မရခြင်း၊ မလိုလားအပ်သော ပြဿနာများဖြစ်ရခြင်းကို တာဝန်ရှိလူကြီးများ သိပုံမပေါ်။ သိလျှင်လည်း ကိုယ်နှင့်မဆိုင်ဟုသဘောထားပါမည်လား။ အမှုသည်ကာယကံရှင်ကိုယ်တိုင်လာမှ တံဆိပ်ခေါင်းရောင်းမည်၊ လူစားဝယ်၍ မရ၊ ဘယ်စာရွက်စာတမ်းတင်ပြနိုင်မှ ခွင့်ပြုမည်၊ ဝယ်ခွင့်ရမည် စသည်ဖြင့် လွယ်ကူမှုကို ခက်ခဲမှုဖြစ်စေသည့်ကိစ္စရပ်များကို မည်သို့ကုစားမည်လဲ။

ကျွန်တော့်အတွေ့အကြုံအရ အကြံပြုချက်

နေပြည်တော် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ကျွန်တော်တင်သွင်းသော လျှောက်လွှာအတွက် (ကိစ္စရပ်တစ်ခုအတွက်) တံဆိပ်ခေါင်းခွန်ကို ပျဉ်းမနားမြို့ရှိ ပြည်တွင်းအခွန်များဦးစီးဌာနသို့ အချိန်ပေးပြီး သွားရောက်ဝယ်ယူရသည်။ ရုံးတစ်ရုံးနှင့် တစ်ရုံး ဝေးကွာလွန်းသူများအတွက် အကန့်အသတ်ဖြင့် ဝယ်ယူရသော တံဆိပ်ခေါင်းခွန်များကို တရားရုံးနှင့် ဆက်သွယ်၍ဖြစ်စေ၊ သင့်ရာအစီအမံဖြင့်ဖြစ်စေ၊ ရှေ့နေအသင်းများနှင့် ညှိနှိုင်း၍ဖြစ်စေ၊ အခြားလုပ်ငန်းချောမွေ့နိုင်သော နည်းလမ်းများဖြင့်ဖြစ်စေ စီစဉ်ပေးသင့်ပါသည်။ စီးပွားဖြစ် ပြန်ရောင်းစားမည့်မဟုတ်သူများ၊ အမှန်တကယ် တရားရုံးသို့ တာဝန်ထမ်းဆောင်ရမည့် တံဆိပ်ခေါင်းခွန်များကို နယ်ဝေးမှလာရသော ရှေ့နေများ၊ အမှုသည်များ၊ အမှန်တကယ်တာဝန်ကျေသူများအတွက် လွယ်လွယ်ကူကူရောင်းချပေးသင့်ပါသည်။ မပြောပလောက်သည့် တာဝန်မဲ့ဝန်ထမ်းများ၊ တမင်တကာစီးပွားရှာ ဖျက်ဆီးသူများကို စုံစမ်းဖော်ထုတ်အရေးယူသင့်သလို အမှန်တကယ်နိုင်ငံတော်တာဝန်ကျေပွန်သူများအတွက် စိတ်အနှောင့်အယှက် မဖြစ်သင့်ပါကြောင်း၊ လိုအပ်ပါက တရားရုံးမှ တာဝန်ရှိသူများနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ တာဝန်ရှိသူများညှိနှိုင်း ကူညီဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။ ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၄-၆-၂၀၁၂ (ကြာသပတေးနေ့)

၇း၀၅ တရားတော်
၈း၁၅ ဇာတ်လမ်းတို
၄း၂၀ ဇာတ်လမ်းတို
၄း၄၀ မွေးမြူသုတ
၅း၀၀ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အမေ့အပြုံး (အပိုင်း-၁၂)
၆း၃၀ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅ ကာတွန်းအစီအစဉ် -အာကာသ သူရဲကောင်းလေးများ (အပိုင်း-၇)
၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထောင်စုနှစ်သမီးပျို (အပိုင်း-၂၇)**
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း -အနုပညာရှင်၏တစ်နေ့တာ -ကုန်သွယ်သုတ
-ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ရင်ခုန်သံများ ချစ်ခြင်းများဖြင့်" (အပိုင်း-၇)
-ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "သမုဒယနှောင်ကြိုး" (အပိုင်း-၃၇)

☆ ကျောဖုံးမှ

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အလှူရှင်များသည် တိမ်းရှောင်လာသူများအား ယာယီနေရာချထားပေးသည့် နေရာများသို့ သွားရောက်ကြည့်ရှုအားပေးကြပြီး ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ရခိုင်ပြည်နယ်အတွင်း ဆူပူအကြမ်းဖက်မှုများဖြစ်ပွားခဲ့ရာ ဇွန် ၈ ရက်မှစ၍ နယ်မြေခံတပ်ရင်းများသည် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒေသခံပြည်သူများ၏ အသက်အန္တရာယ်လုံခြုံရေး ကာကွယ်စောင့်ရှောက်ပေးရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ၎င်းနေ့ညပိုင်းမှစ၍ ဖြစ်စဉ်ဖြစ်ပွားရာနေရာများသို့ရောက်ရှိပြီး လိုအပ်သည်များကူညီစောင့်ရှောက်ပေးခြင်း၊ တပ်မတော်စစ်ရေယာဉ်အချို့မှလည်း မောင်တောမြို့အနောက်ဘက် မြန်မာ့ရေပိုင်နက်မှတစ်ဆင့် မသမာသူများ ဝင်ရောက်လာခြင်းမရှိစေရေးအတွက် ကင်းလှည့်လုံခြုံရေးများ ဆောင်ရွက်ပေးခြင်းများ ပြုလုပ်ပေးခဲ့ကြသည်။

အခင်းဖြစ်ပွားသည့်နေရာတစ်ဝိုက်တွင် နေထိုင်လျက်ရှိသည့် ကျေးရွာသူ ကျေးရွာသားများ ရောဂါမဖြစ်ပွားစေရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဆေးဝန်ထမ်း ၃၂ ဦးဖြင့် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိသည့်အပြင် ဒဏ်ရာရရှိခဲ့သော အရေးပေါ်လူနာများအား တပ်မတော်ရဟတ်ယာဉ်ဖြင့် ပို့ဆောင်ဆေးဝါးကုသစေလျက်ရှိသည်။

ထို့အပြင် ၎င်းဒေသရှိ ဒေသခံပြည်သူများအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဘေထုပ် ၅၀၊ တပ်မတော်သားမိသားစုများက ဆန် ၆၉၂ အိတ်၊ ဆီ ၉၇၈ ပိဿာ၊ ဆား ၃၂၆ ပိဿာ၊ အခြားစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် ပေးပို့လှူဒါန်းခဲ့သည့်အပြင် အခြားစေတနာရှင်၊ အလှူရှင်များက လှူဒါန်းသော အဝတ်အထည်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများအားလည်း တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်၊ မော်တော်ယာဉ်များဖြင့် တပ်မတော်သားများမှ ကယ်ဆယ်ရေးစခန်းများသို့ ကိုယ်တိုင်သယ်ယူပို့ဆောင်ပေးခဲ့သည်။

အဆိုပါ ပေးပို့လှူဒါန်းခဲ့သော ပစ္စည်းများအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူများက အိုးမဲ့အိမ်မဲ့ဖြစ်ပွားခဲ့ရသော ဒေသများမှ မိသားစုဝင်များအား ကိုယ်တိုင်ကိုယ်ကျ ပေးအပ်ခဲ့ပြီး တွေ့ဆုံအားပေးစကားများ ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်ထံ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်းမှ လှူဒါန်းသော ငွေကျပ် သိန်း ၁၀၀၀ ကို တာဝန်ရှိသူတို့က ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

❖ ပြည်ထောင်စုဝန်ကြီးမှ

စီမံကိန်းများနှင့် မဟာဗျူဟာစီမံကိန်းများဆိုင်ရာများ၊ မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသည့် ကျေးရွာစာကြည့်တိုက်များအတွက် ကမ္ဘာ့ဘဏ်အနေဖြင့် အတွေ့အကြုံရှိစွာ ပါဝင်ကူညီဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာ၌ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

❍ ကက်ဒမီယံမှ

အာလူး၊ မြေကြီးထဲတွင် ဥသည့် သီးနှံများနှင့် ဟင်းသီးဟင်းရွက်များဖြစ်ပြီး ၎င်းတို့မှာ ယေဘုယျအားဖြင့် ကျန်းမာရေးကို အကျိုးပြုသော အစားအစာများအဖြစ် ယူဆထားကြသည်ဟု သုတေသနစာတမ်းပြုစုသူ ဆွီဒင်နိုင်ငံ ကာရိုလင်စကာ တက္ကသိုလ် ပတ်ဝန်းကျင်ရေးရာ သိပ္ပံဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာအက်ဂ်နီတာ အာကစ်ဆန်က ပြောကြားသည်။

မကြာသေးမီက တွေ့ရှိချက်တစ်ခုအရ တန်ဖိုးနည်း လက်ဝတ်လက်စားများတွင် ကက်ဒမီယံမြင့်မားစွာ ပါဝင်သည်ဟု သိရှိရသည်။ ထို့ပြင် ကက်ဒမီယံကို ရုပ်ကြွင်းလောင်စာများ လောင်ကျွမ်းရာမှ တစ်ဆင့် လေထုထဲတွင်လည်း တွေ့ရှိနိုင်သည်ဟု ဆိုသည်။

သုတေသနလေ့လာချက်တွင် လူ ၅၆၀၀၀ နီးပါးအား ၁၂ နှစ်ကြာ လေ့လာမှုပြုလုပ်ခဲ့သည်။ လေ့လာမှုတွင် ပါဝင်သူများအား စစ်တမ်းမေးခွန်းလွှာများမှတစ်ဆင့် ၎င်းတို့စားသုံးသည့် အစားအစာများတွင် ခန့်မှန်းခြေ ကက်ဒမီယံပါဝင်မှုနှုန်းကို လေ့လာခဲ့သည်။ ၁၂ နှစ်ကြာ လေ့လာပြီးနောက် သုတေသီများသည် အမျိုးသမီး ၂၁၁၂ ဦးတွင် ရင်သားကင်ဆာဖြစ်ပွားကြောင်း ဖော်ထုတ်တွေ့ရှိရသည်။ သုတေသီများသည် လေ့လာမှုတွင် ပါဝင်သူများအား ကက်ဒမီယံမြင့်မားစွာ စားသုံးသူ၊ သင့်ရုံစားသုံးသူနှင့် အနည်းငယ်စားသုံးသူဟူ၍ အုပ်စုသုံးစုခွဲပြီး လေ့လာခဲ့ရာ ကက်ဒမီယံ အများဆုံးစားသုံးသည့်အုပ်စု၌ ပါဝင်သူများတွင် ရင်သားကင်ဆာရရှိနိုင်ခြေ ၂၁ ရာခိုင်နှုန်း ပိုများသည်ဟု လေ့လာတွေ့ရှိခဲ့သည်။

သို့သော် ယင်းတွေ့ရှိချက်က လူများအနေဖြင့် ဟင်းသီးဟင်းရွက်များ (သို့မဟုတ်) နှံစားသီးနှံများ စားသုံးခြင်းကို ရှောင်ရှားသင့်သည်ဟု ဆိုလိုခြင်း မဟုတ်ပေ။ လေ့လာမှုတွင် ပါဝင်သည့် နှံစားသီးနှံများနှင့် ဟင်းသီးဟင်းရွက်များ အများအပြားစားသုံးသည့် အမျိုးသမီးများသည် အခြားအစားအစာများမှ တစ်ဆင့် ကက်ဒမီယံစားသုံးသည့် အမျိုးသမီးများနှင့်နှိုင်းစာလျှင် ရင်သားကင်ဆာဖြစ်နိုင်ခြေ ပိုနည်းသည်ဟု ဆိုသည်။ ထို့ပြင် သုတေသီများသည် ကက်ဒမီယံ စားသုံးခြင်းကြောင့် ရင်သားကင်ဆာဖြစ်နိုင်သည့်အန္တရာယ်မှ ရင်သားကင်ဆာရှိသည့် မိသားစုသမိုင်းကြောင်းရှိမှုနှင့် အဝလွန်ခြင်းကြောင့် ရင်သားကင်ဆာဖြစ်နိုင်သည့်အန္တရာယ်တို့နှင့် နှိုင်းစာလျှင် အန္တရာယ် လျော့နည်းနေသေးသည်ဟု လေ့လာတွေ့ရှိရသည်။

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား UNDP မှ မစ်ရှင်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇွန် ၁၃

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား UNDP Asia Pacific Regional Centre in Bangkok (APRC) ၏ Governance and Development Effectiveness Advisor, Mr. Thomas Beloe ခေါင်းဆောင်သော မစ်ရှင်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး **(အပေါ်ပုံ)** မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးမည့်အခြေအနေများ၊ အကူအညီပေးမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ဘတ်ဂျက်တွင် ထည့်သွင်းရေးဆွဲနိုင်မည့် အခြေအနေများနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများပေးအပ်

ရန်ကုန် ဇွန် ၁၃

ရခိုင်ပြည်နယ်တွင် လတ်တလော ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့သဖြင့် ပြည်သူများ လတ်တလောရပ်တည်နိုင်ရေးအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စိမ်းလန်းကမ္ဘာကုမ္ပဏီ၊ စိမ်းလန်းစိုပြည်ဂါးဒင်းမိသားစုနှင့် စိမ်းလန်းစိုပြည်ဂါးဒင်းသို့ လာရောက်သည့် ဧည့်သည်များက အဝတ်အထည် ၄၀၀၊ K. Future Co., Ltd. မှ ဒေါက်တာကောင်းကျော်ဆွေက ငွေကျပ်သုံးသိန်း၊ ဦးသန့်ဇင်-ဒေါ်ခင်စမ်းကြည် မိသားစုနှင့် မဖြူစင်နှင်းပွင့် မိသားစုတို့က ငွေကျပ်ငါးသောင်းစီ၊ ဦးစောသိန်း- မဖြူမိသားစုက ငွေကျပ် ၄၂၀၀၀၀ တန်ဖိုးရှိ အဝတ်အထည်များ၊ ဦးကြည်လင်-ဒေါ်ထားထားရီ မိသားစုက ငွေကျပ်နှစ်သိန်း၊ မကြူကြူမာက ငွေကျပ်နှစ်သောင်းနှင့် အဝတ်အထည်များ၊ ဦးအောင်ကြည်စိန်က ငွေကျပ်နှစ်သိန်း၊ ဦးသာဇံအောင်က ငွေကျပ်သုံးသိန်း၊ ဦးတင်သန်း - ဒေါ်တင်သန်းမိသားစုက ငွေကျပ်တစ်သိန်း၊ ဦးချစ်ဖေက ငွေကျပ်သုံးသိန်း နှစ်သောင်းခြောက်ရာ ခုနစ်ဆယ့်ခြောက်ကျပ်၊ Toyo Battery ဦးအုန်းလွင် (MU) နှင့် ဝန်ထမ်းများက ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ တီရှပ် ၁၀၀၀၊ ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (အဝေးပြေး)က ငွေကျပ်သိန်း ၅၀၊ ဒေါ်ခင်ဝင်းချိုနှင့် ဒေါ်ခင်ကလျာတို့က အမျိုးသမီးဝတ်အင်္ကျီ သုံးအိတ်၊ ထွန်းထောက်မြေကုမ္ပဏီ ဦးအောင်ဝင်း-ဒေါက်တာစန်းစန်းဝင်းတို့က ငွေကျပ် ၂၁၂၀၀၀ တန်ဖိုးရှိ Popy Dey အိမ်သုံးဆေးဝါး ဘူး ၈၀၊ မိခင်ကြီးဒေါ်ခင်စိန်နှင့် သားသမီးများက ငွေကျပ်ငါးသောင်း၊ ဦးကြူမိသားစု Trading Co., Ltd. က ငွေကျပ်သိန်း ၂၀၊ Reliance Fire System Co., Ltd. မှ ဦးယဉ်ထွေးသက်က ငွေကျပ် ၁၀ သိန်း၊ မနွေးနွေးက ငွေကျပ်ငါးသောင်း၊ ဦးသန်းဝင်း မိသားစုက ငွေကျပ်နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ**(အောက်ပုံ)** ပြည်ထောင်စုဝန်ကြီးကိုယ်စား မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးကလက်ခံပြီး ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကရင်ပြည်နယ်ဝန်ကြီးချုပ် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်အားပေး

နေပြည်တော် ဇွန် ၁၃

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းသည် ဇွန် ၈ ရက်တွင် ကော့ကရိတ်မြို့နယ် နဘူးကျေးရွာ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက မိုးပွင့်အဆင့်(၃) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ တိုင်းရင်းသားပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် နဘူးအခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာဆက်စပ်ပစ္စည်းတစ်စုံတို့ကို လည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နဘူးအခြေခံပညာအထက်တန်းကျောင်းဝင်း၌ ကျင်းပသော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့တက်ရောက်၍ သစ်ပင်များစိုက်ပျိုးပေးပြီး နဘူးတိုက်နယ်ဆေးရုံသို့ သွားရောက်၍ လူနာများအား ကြည့်ရှုအားပေးကာ ဆေးပဒေသာပင် အလှူငွေနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံမြို့နယ် အုန်းတပင်ကျေးရွာ ၁၀ ဧက စံပြစိုက်ခင်း၌ သစ်စိမ်းမြေဩဇာပြုလုပ်သုံးစွဲနည်း သရုပ်ပြပွဲကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဝဲကရင်ကျေးရွာအနီး ကျင်းပသော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားများ၊ ကျေးရွာသူ ကျေးရွာသားများ၊ ကျောင်းသား ကျောင်းသူများအား ပျိုးပင်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၄-၆-၂၀၁၂ (ကြာသပတေးနေ့)

၅း၄၀	"ကြောင်းကျိုးမဆက် သံသရာထွက်" တရားတော် (အောင်စကြာဆရာတော် ဘဒ္ဒန္တစန္ဒသူရိယ)
၂း၂၀	အလင်းရောင်ဖောင်ဒေးရှင်း၏ စက္ကူဒါန
၆း၁၅	သဘင့်ဥသျှောင် ဂရိတ်ဦးဘိုးစိန်၏ဝတ်စားဆင်ယင်မှုများ
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အဖြူရောင်တိမ်တိုက်လေး" (အပိုင်း-၅၃)**
၇း၁၀	အနုပညာမိုးကောင်းကင်
၉း၁၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဘဝအားမာန်" (အပိုင်း-၆၇)**
၁၁း၁၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူ" (အပိုင်း-၇)**
၁၁း၄၅	သန့်ရှင်းသောသွေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသီတာအောင်)
၃း၅၀	ဘဝအမောပြေ ပျော်ရွှင်ဖို့ သီချင်းလေးတွေဆိုကြစို့

ဇီဝမျိုးစုံ
မျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

ဂျန်ဒေါင်းဂန် ရှန်ဟိုင်းနိုင်ငံတကာ ရုပ်ရှင်ပွဲတော်သို့ တက်ရောက်မည်

ကိုရီးယားနာမည်ကျော် မင်းသား ဂျန်ဒေါင်းဂန် **(အောက်ပုံ)** သည် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ကျင်းပမည့် (၁၅)ကြိမ်မြောက် ရှန်ဟိုင်းနိုင်ငံတကာ ရုပ်ရှင်ပွဲတော်သို့ တက်ရောက်မည်ဖြစ်ကြောင်း သတင်းများတွင်ဖော်ပြသည်။

ဂျန်ဒေါင်းဂန်၏ အနုပညာရေးရာ အေဂျင်စီ AM မှ တာဝန်ရှိသူတစ်ဦးက

ဂျန်ဒေါင်းဂန်သည် ဇွန် ၁၆ ရက်တွင် ကျင်းပမည့် ရှန်ဟိုင်းနိုင်ငံတကာရုပ်ရှင်ပွဲတော်ဖွင့်ပွဲသို့ တက်ရောက်မည်ဖြစ်ကြောင်း ဇွန် ၁၂ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ဂျန်ဒေါင်းဂန်သည် အဆိုပါရုပ်ရှင်ပွဲတော်သို့ ၎င်း၏ Dangerous Liaisons အမည်ရှိ ရုပ်ရှင်ကားတက်ရောက်ပြသရန် ဖိတ်ကြားခံထားရပြီး ယင်းဇာတ်ကားတွင် တရုတ်နာမည်ကျော်မင်းသမီးများဖြစ်သည့် ကျန်ကျိရီနှင့် ဆီစီလီယာချောင်တို့ ပါဝင်သရုပ်ဆောင်ထားသည်။

ရှန်ဟိုင်းနိုင်ငံတကာရုပ်ရှင်ပွဲတော်သည် ဇွန် ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဂျန်ဒေါင်းဂန်ကမူ ကိုရီးယားနိုင်ငံသို့ ချက်ချင်း ပြန်လာကာ Gentleman's Dignity အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲ ရိုက်ကူးရမည် ဖြစ်သည်။

Dangerous Liaisons တရုတ်ရုပ်ရှင်ကားသည် ပြင်သစ်ဂန္ထဝင်ဝတ္ထု Dangerous Liaisons ကို ဒါရိုက်တာ ဟွာဂျင်ဟိုက ရုပ်ရှင်ဇာတ်ကားအဖြစ် ပြန်လည် အသက်သွင်းပုံဖော်ထားခြင်းဖြစ်ပြီး အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့၏ သုံးပွင့်ဆိုင်ချစ်ဇာတ်လမ်းကို ဦးစားပေးဖန်တီးတင်ပြထားသည်။

ဤဇာတ်ကားကို လွန်ခဲ့သည့်လက ကျင်းပခဲ့သည့် ပြင်သစ်ကန်းရုပ်ရှင်ပွဲတော်သို့လည်း ဂျန်ဒေါင်းဂန်နှင့် ဒါရိုက်တာ ဟွာဂျင်ဟိုတို့တက်ရောက်ပြသခဲ့ရာ ပရိသတ်များက နှစ်ခြိုက်သဘောကျခဲ့သည်။

ဂျန်ဒေါင်းဂန်သည် ကိုရီးယားရုပ်ရှင်လောကတွင်ထိပ်တန်းနာမည်ကြီးမင်းသားတစ်ဦးဖြစ်ပြီး သူ၏နာမည်ကျော်လူကြိုက်များခဲ့သည့် ဇာတ်ကားများမှာ Friend၊ Typhoon ဇာတ်ကားများနှင့် ဟောလိဝုဒ်ရုပ်ရှင်ကားဖြစ်သည့် Warrior's Way နှင့် My Way ဇာတ်ကားတို့ဖြစ်ကြသည်။ ***အင်တာနက်။***

အောဝမ်းစိုး

ပင်လယ်ဓားပြ တိုက်ဖျက်ရေး ကင်းလှည့်မှုလုပ်ငန်း၌ တောင်ကိုရီးယား ပါဝင်ရန် စိတ်ဝင်စား

နယူးဒေလီ ဇွန် ၁၃

ဆိုမာလီနိုင်ငံ ပင်လယ်ကမ်းလွန် အေဒင်ပင်လယ်ကွေ့၌ ပင်လယ်ဓားပြတိုက်ဖျက်ရေး နိုင်ငံတကာ ရေတပ်တပ်ဖွဲ့များ၏ ကင်းလှည့်စောင့်ကြပ်မှုလုပ်ငန်း၌ အိန္ဒိယ၊ တရုတ်၊ ဂျပန်နိုင်ငံတို့နှင့်အတူ တောင်ကိုရီးယားနိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယား သတင်းဌာနများက ဇွန် ၁၃ရက်တွင် သတင်းထုတ်ပြန်သည်။

ပင်လယ်ဓားပြတိုက်ဖျက်ရေးလုပ်ငန်းဆိုင်ရာ အိန္ဒိယ၊ တရုတ်၊ ဂျပန် သုံးနိုင်ငံ ပူးတွဲ ကင်းလှည့်မှုလုပ်ငန်းတွင် တောင်ကိုရီးယားနိုင်ငံ ပါဝင်ရန် စိတ်ဝင်စားကြောင်း အိန္ဒိယရေတပ် အထက်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အေဒင်ပင်လယ်ကွေ့၌ ဆောင်ရွက်သော ပင်လယ်ဓားပြတိုက်ဖျက်ရေးလုပ်ငန်းတွင် ပါဝင်ရန် တောင်ကိုရီးယားနိုင်ငံ၏ အဆိုပြုချက်ကို အဆိုပါသုံးနိုင်ငံက ခွင့်ပြုပေးမည်ဟု မျှော်လင့်ရသည်။

အေဒင်ပင်လယ်ကွေ့၌ နိုင်ငံတကာ ကုန်သင်္ဘောများ ဘေးမသီ ရန်မခ ကူးသန်းသွားလာနိုင်စေရန် နိုင်ငံတကာ ရေတပ်တပ်ဖွဲ့များက ကင်းလှည့်စောင့်ကြပ်မှုလုပ်ငန်းကို ညှိနှိုင်းဆောင်ရွက်လျက်ရှိကြသည်။

အင်တာနက်။

အေဒင်ပင်လယ်ကွေ့၌ ပင်လယ်ဓားပြ တိုက်ဖျက်ရေး စစ်ဆင်ရေးတစ်ရပ်ကို နိုင်ငံတကာ ရေတပ်တပ်ဖွဲ့ဝင်များ ပြုလုပ်စဉ်။

ကော်လိုရာဒိုပြည်နယ် တောမီးငြိမ်းသတ်ရန် မီးသတ်တပ်ဖွဲ့ဝင်များကို ထပ်မံဆင့်ခေါ်

ဒန်ဗာ(ကော်လိုရာဒို) ဇွန် ၁၃

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ်၌ ဆယ်စုနှစ်တစ်စုတာကာလအတွင်း အကြီးကျယ်ဆုံးသော တောမီးကို ငြိမ်းသတ်နိုင်ရန် မီးသတ်တပ်ဖွဲ့ဝင် ရာပေါင်းများစွာကို ထပ်မံဆင့်ခေါ်ထားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ကြိုးပမ်းနေ

မီးသတ်တပ်ဖွဲ့ဝင် ၅၀၀ ကျော်က တောမီးကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေကြကြောင်း၊ ဇွန် ၁၃ ရက်တွင် မီးသတ်တပ်ဖွဲ့ဝင်အင်အားကို ၇၀၀ မှ ၈၀၀ အထိ တိုးမြှင့်သွားနိုင်ရန် စီစဉ်ထားကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

နိုင်ငံတစ်ဝန်းလုံးရှိ အကြီးစား မီးသတ်လေယာဉ်ကိုးစင်းအနက် ငါးစင်းက တောမီးကို ပါဝင်ကူညီငြိမ်းသတ်ပေးလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

တောမီး၏ ငါးရာခိုင်နှုန်းခန့်ကိုသာ ထိန်းချုပ်နိုင်သေးကြောင်း၊ ရာသီဥတုပေါ်မူတည်ကာ တောမီးငြိမ်းသတ်မှုလုပ်ငန်း တိုးတက်လာမည်ဖြစ်ကြောင်း မီးသတ်တပ်ဖွဲ့ အကြီးအကဲ ဘီလ်ဟန်နန်ဘာ့ဂ်က ပြောကြားသည်။

ကော်လိုရာဒိုပြည်နယ်ရှိ သစ်တောမြေဧက ၄၃၀၀၀ တွင် တောမီးလောင်ကျွမ်းနေပြီး ပြည်နယ်၏သမိုင်းတွင် တတိယ အကြီးဆုံးတောမီးဖြစ်သည်။ ဇွန် ၉ ရက်မှ ၁၀ ရက် (၂)ရက်အတွင်းမှာပင် သစ်တောမြေဧက ၃၉၀၀၀ မီးလောင်ကျွမ်းခံခဲ့ရသည်။ ***အင်တာနက်။***

နိုင်ငံခြားသားများအတွက် နေထိုင်မှုစရိတ်အကြီးဆုံးမြို့ ဂျပန်နိုင်ငံမြို့တော်တိုကျို ရပ်တည်

ဂျပန်နိုင်ငံ မြို့တော် တိုကျို မြို့လယ်ဒေသတစ်နေရာ။

တိုကျို ဇွန် ၁၃

ဂျပန်နိုင်ငံ တိုကျိုမြို့သည် နိုင်ငံခြားသားကုမ္ပဏီဝန်ထမ်းများအတွက် နေထိုင်မှုစရိတ်စက အကြီးမားဆုံးမြို့ကြီး ဖြစ်ကြောင်း သုတေသနလေ့လာချက်သစ်တစ်ရပ်တွင်ဖော်ပြသည်။

နေထိုင်မှုစရိတ် အကြီးမားဆုံးကမ္ဘာ့မြို့ကြီးများစာရင်း၌ ပြင်သစ်နိုင်ငံ ပါရီမြို့၊ အီတလီနိုင်ငံ ရောမမြို့နှင့် နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့တို့သည် အဆင့်ကျသွားခဲ့ကြောင်း၊ယူရိုငွေတန်ဖိုးကျမှုကြောင့် ယင်းမြို့ကြီးများ၌ နိုင်ငံခြားကုမ္ပဏီဝန်ထမ်းများအတွက် နေထိုင်မှုစရိတ်စက ကျဆင်းမှုကို ဖြစ်ပေါ်စေကြောင်း မာဆာအမည်ရှိ အတိုင်ပင်ခံကုမ္ပဏီက ပြုလုပ်သော လေ့လာချက်တွင် ဖော်ပြသည်။

ဒေါ်လာနှင့်ဖလှယ်ရာ၌ ယန်းငွေတန်ဖိုးတက်လာခြင်းကြောင့် နိုင်ငံခြားသားကုမ္ပဏီဝန်ထမ်းများအတွက် လူနေမှုစရိတ်မြင့်တက်မှုကို ဖြစ်ပေါ်စေကြောင်း လေ့လာချက်တွင်ဖော်ပြသည်။

အင်ဂိုလာနိုင်ငံ လူအင်ဒါမြို့သည် ကမ္ဘာပေါ်တွင် လူနေမှုစရိတ် အကြီးဆုံးမြို့အဖြစ် ရပ်တည်နေခဲ့ပြီး ယင်းမြို့၏နေရာတွင် တိုကျိုက အစားထိုးဝင်ရောက်လာခြင်းဖြစ်သည်။ ***အင်တာနက်။***

အီရတ်၌ ဗုံးပေါက်ကွဲ လူ ၅၄ ဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၁၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဗုံးပေါက်ကွဲမှု၊ ပစ်ခတ်မှုတို့ဖြစ်ပွားခဲ့ရာ လူ ၅၄ဦးထက်မနည်းသေဆုံးပြီး လူ ၁၀၀ကျော် ဒဏ်ရာရရှိခဲ့သည်။

ဟဲလ်လာမြို့လယ်ခေါင်၌ ဇွန် ၁၃ရက်တွင် ကားဗုံးနှစ်လုံးပေါက်ကွဲခဲ့ရာ လူ ၂၂ဦးထက်မနည်း သေဆုံးခဲ့သည်။

တစ်ချိန်တည်းမှာ ဘဂ္ဂဒက်မြို့၌ ဗုံးလေးနေရာ ပေါက်ကွဲမှုနှင့် ပစ်ခတ်မှုနှစ်နေရာဖြစ်ခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဘဂ္ဂဒက်မြို့တစ်ဝန်း၌ ဇွန် ၁၃ရက်အစောပိုင်းက ရှီးယိုက်ဘုရားဖူးများရှိနေချိန်တွင် ကားဗုံးလေးလုံး ပေါက်ကွဲခဲ့ရာ လူ ၁၈ဦးထက်မနည်းသေဆုံး၍ လူ ၁၀ဦးကျော် ဒဏ်ရာရရှိခဲ့သည်။

အင်တာနက်။

နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘော တည်ဆောက်ရန် ဒီဇိုင်းပုံစံ အီရန်နိုင်ငံ စတင်ရေးဆွဲ

တီဟီရန် ဇွန် ၁၃

အီရန်နိုင်ငံသည် နိုင်ငံ၏ ပထမဆုံးသော နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စင်းကို တည်ဆောက်နိုင်ရန် ဒီဇိုင်းပုံစံစတင်ရေးဆွဲလျက်ရှိကြောင်း ရေတပ်တာဝန်ရှိသူတစ်ဦးက ဇွန် ၁၃ ရက်တွင် ပြောကြားသည်။

အကောင်အထည်ဖော်

အီရန်နိုင်ငံသည် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စင်းတည်ဆောက်နိုင်ရန် ဒီဇိုင်းပုံစံထုတ်လုပ်သည့်အဆင့်ကို အကောင်အထည်ဖော်လျက်ရှိကြောင်း ရေတပ်ဒုတိယအကြီးအကဲ ဗိုလ်ချုပ်အာဘတ်စ်ဇာမီနီက ပြောကြားသည်။

အသုံးပြုသွားမည်

အီရန်နိုင်ငံသည် နျူကလီးယားနည်းပညာကို ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် အသုံးပြုသွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ရေငုပ်သင်္ဘောတစ်စင်းကို တည်ဆောက်နိုင်စွမ်းရှိသည့်အပြင် တည်ဆောက်နိုင်သော အခွင့်အရေးလည်းရှိကြောင်း ၎င်းက ပြောကြားသည်။

အီရန်နိုင်ငံသည် နျူကလီးယားရေငုပ်သင်္ဘောတစ်စင်းကို တည်ဆောက်မည်ဆိုပါက ယင်းနိုင်ငံနှင့် အနောက်အုပ်စုနိုင်ငံများအကြား တင်းမာမှုများ ထပ်မံဖြစ်ပေါ်လာနိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။ ***အင်တာနက်။***

တရုတ်နိုင်ငံ တန်ရှန်မြို့၌ တရားမဝင်သေနတ်များကို ရဲတပ်ဖွဲ့က ဖျက်ဆီးစဉ်။

တရားမဝင်သေနတ် အလက်ရေ တစ်သိန်းကျော် တရုတ်ရဲတပ်ဖွဲ့များ ပူးပေါင်းဖျက်ဆီး

ပေကျင်း ဇွန် ၁၃

တရုတ်နိုင်ငံရှိ မြို့ပေါင်း ၁၅၀မှ ရဲတပ်ဖွဲ့များပူးပေါင်း၍ တရားမဝင်သေနတ်အလက်ရေ တစ်သိန်းကျော်ကို ဇွန် ၁၂ရက်တွင် ဖျက်ဆီးခဲ့ကြောင်း တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနမှ ပြောကြားသည်။

၎င်းအပြင် တရားမဝင် ဖောက်ခွဲရေးပစ္စည်းတန် ၂၅၀ခန့်ကိုလည်း လာမည့်ရက်အနည်းငယ်အတွင်း ရှင်းလင်းဖယ်ရှားပစ်ရမည်ဟု ယင်းဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

ယခုဖျက်ဆီးခဲ့သော သေနတ်များအနက် အများစုမှာ ရဲတပ်ဖွဲ့၏ စီးနင်းရှာဖွေမှုများအတွင်း သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ပြီး ကျန်သေနတ်များမှာ နိုင်ငံသားများက ရဲတပ်ဖွဲ့ထံ အပ်နှံခဲ့ခြင်းဖြစ်သည်။

တရားမဝင်သေနတ်များနှင့် ဖောက်ခွဲရေးပစ္စည်းများကို ဖော်ထုတ်ဖမ်းဆီးနိုင်ရန် အမျိုးသားရေး လှုပ်ရှားမှုအဖြစ် ဆောင်ရွက်ခဲ့သည်။ ဖျက်ဆီးခဲ့သော သေနတ်များ၏အရေအတွက် ထက်ဝက်ခန့်ကို သိမ်းဆည်းရမိခြင်းဖြစ်သည်။

ယင်းလှုပ်ရှားမှုကို ယခုနှစ်ဖေဖော်ဝါရီလတွင် စတင်ခဲ့ပြီး လာမည့်ဒီဇင်ဘာလအထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက ပြောကြားသည်။

ယခုအခါတွင် တရုတ်ရဲတပ်ဖွဲ့က ရာဇဝတ်မှုခင်းကျူးလွန်သည့်အုပ်စု ၁၈၀ကျော်ကို စီးနင်းခဲ့ပြီး တရားမဝင် သေနတ်များနှင့် ဖောက်ခွဲရေးပစ္စည်းများကို လက်ဝယ်ထားရှိမှုဖြင့် သံသယရှိသူ လူ ၇၈၀၀ခန့်ကို ဖမ်းဆီးထားကြောင်း ကြေညာချက်တွင် ဖော်ပြသည်။ ***အင်တာနက်။***

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင်းရှိ စက်ရုံများမှ ဖော်ထုတ်တွေ့ရှိခဲ့ရသော ကလေးအလုပ်သမားများကို တွေ့ရစဉ်။

ကလေးအလုပ်သမားများကို စက်ရုံများတွင် ခိုင်းစေနေမှု အိန္ဒိယ၌ ဖော်ထုတ်

နယူးဒေလီ ဇွန် ၁၃

အိန္ဒိယနိုင်ငံ၌ ကလေးအလုပ်သမားအသုံးပြုမှု တားမြစ်ရေးဥပဒေပြဋ္ဌာန်းထားသော်ငြားလည်း နယူးဒေလီမြို့တော်အတွင်းရှိ စက်ရုံများကို အိန္ဒိယရဲတပ်ဖွဲ့က ဇွန် ၁၂ ရက်တွင် ဝင်ရောက်စီးနင်းခဲ့ရာ ရွှေ့ပြောင်းနေထိုင်သူ ကလေးအလုပ်သမား ဒါဇင်ပေါင်းများစွာအား ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။

နယူးဒေလီမြို့တော်အတွင်းရှိ ချည်ထည်စက်ရုံသုံးရုံနှင့် သံရည်ကျိုစက်ရုံတစ်ရုံတို့မှ ကလေးအလုပ်သမား ၂၆ ဦးကို အိန္ဒိယရဲတပ်ဖွဲ့ဝင်များက ဖော်ထုတ်နိုင်ခဲ့သော်လည်း အများအပြား လွတ်မြောက်သွားသည်ဟု ယုံကြည်ရကြောင်း သိရသည်။

ဖော်ထုတ်တွေ့ရှိခဲ့သော ကလေးအလုပ်သမားအားလုံးမှာ ဘီဟာပြည်နယ်နှင့် ဥတ္တရပရာဒေ့ရှ်ပြည်နယ်များမှ နယူးဒေလီမြို့တော်သို့ ရွှေ့ပြောင်းဝင်ရောက်လာသူများဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ကလေးအချို့မှာ သတ္တုများကို ထုခွဲ၍ မျိုးစပ်သတ္တုများထုတ်လုပ်သည့် ကဏ္ဍများ၌ အလုပ်လုပ်နေရခြင်းဖြစ်ရာ ငရဲမီးနှင့် သတ္တုများအား ကိုင်တွယ်နေရကြောင်း လူမှုရေးအဖွဲ့အစည်းတစ်ရပ်က ပြောကြားခဲ့သည်။

အချို့ကလေးများမှာ ဆာရီများအပါအဝင် အမျိုးသမီးအဝတ်အထည်များအား ဘော်ကြယ်စီရသည့် အလုပ်မျိုးလုပ်ကိုင်ခဲ့ကြရပြီး ၎င်းတို့၏ အလုပ်နှင့်စပ်လျဉ်း၍ အာဏာပိုင်များက စုံစမ်းမေးမြန်းလာပါက လိမ်လည်ဖြေဆိုတတ်ရန် သင်ကြားခံထားရကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ နယ်စွန်နယ်ဖျား လူမသိသူမသိနေရာများရှိ အုတ်ဖုတ်လုပ်ငန်းများ၊ ပိုးသတ်ဆေးများသုံးစွဲထားရာ စိုက်ခင်းများနှင့် ဓာတုဗေဒစက်ရုံများ၌ အလုပ်ကြမ်းများ လုပ်ကိုင်နေရသည့် ကလေးအလုပ်သမားပေါင်း သိန်းနှင့်ချီ၍ ရှိသေးကြောင်း သတင်းများတွင် ဖော်ပြသည်။ **အင်တာနက်။**

သမားရိုးကျ ဒုံးကျည်လက်နက်များအစွမ်းကို တရုတ်စစ်ဘက်မြှင့်တင်နေ

ပေကျင်း ဇွန် ၁၃

အမေရိကန်ပြည်ထောင်စု၏ စစ်ရေးမဟာဗျူဟာဗဟိုချက်သည် အာရှပစိဖိတ်ဒေသသို့ ရွှေ့လာသည်နှင့်အမျှ တရုတ်စစ်ဘက်ကလည်း ၎င်း၏ သမားရိုးကျ ဒုံးကျည်လက်နက်များ၏ စွမ်းပကားကို အဆင့်မြှင့်တင်လျက်ရှိကြောင်း ဇွန် ၁၁ ရက် သတင်းများတွင် ဖော်ပြသည်။

တရုတ်စစ်ဘက်သည် သမားရိုးကျ ဒုံးကျည်အများအပြားကို တစ်ချိန်တည်း ပစ်လွှတ်နိုင်မည့် စွမ်းရည်အား တိုးမြှင့်နေသကဲ့သို့ တစ်ဖက်တွင်လည်း မဟာဗျူဟာနျူကလီးယားလက်နက် အရံအတားမူဝါဒကို ဆက်လက်ကိုင်စွဲထားကြောင်း သတင်းများတွင် ဖော်ပြသည်။

သမားရိုးကျ ဒုံးကျည်လက်နက်များသည် ခေတ်သစ်စစ်ပွဲများ၏ အဓိကလက်နက်များဖြစ်လာကြောင်း၊ တိုက်ခိုက်ခံခဲ့ရပါက မိမိတို့အနေဖြင့် အလျင်အမြန် ပြန်လည်တုံ့ပြန်နိုင်စွမ်း၊ ပစ်မှတ်ကို တိတိကျကျချေမှုန်းနိုင်စွမ်းများ ရှိထားရမည်ဖြစ်ကြောင်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (ပီအယ်လ်အေ)၏ ဒုတိယအမြောက်ကြီးတပ်ဖွဲ့ တပ်မှူးက ပြောကြားခဲ့သည်။

ခေတ်သစ်စစ်ပွဲများ၌ သမားရိုးကျဒုံးကျည်လက်နက်များ ပိုမိုအရေးပါလာမှုကို ၁၉၉၀ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ပင်လယ်ကွေ့စစ်ပွဲအတွင်း တရုတ်ခေါင်းဆောင်များက သိမြင်လာခဲ့သည်။

တရုတ်နေ့စဉ်သတင်းစာ၏ အဆိုအရ တရုတ်နိုင်ငံသည် ပြီးခဲ့သည့်နှစ်အနည်းငယ်အတွင်း ၎င်း၏

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (ပီအယ်လ်အေ)၏ အဆင့်မြင့်နည်းပညာသုံး သဘော်ဖျက်ဒုံးကျည်များကို တွေ့ရစဉ်။

ဒုံးကျည်လက်နက်များ အဆင့်မြှင့်တင်မှုကို ကြိမ်ဖန်များစွာလုပ်ဆောင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် တရုတ်စစ်ဘက်၏ ဒုတိယအမြောက်ကြီးတပ်ဖွဲ့သည် နှုတ်မိန့်ကို အခြေခံသည့် ဒုံးကျည်ပစ်ခတ်မှု ကွပ်ကဲရေးစနစ်ဟောင်းနေရာတွင် ကွပ်ကဲမှုစနစ်သစ်အား အစားထိုးခဲ့ကြောင်း သိရသည်။

ဒုံးကျည်ပစ်ခတ်မှုကွပ်ကဲရေးဆိုင်ရာ စနစ်သစ်သည် တစ်ချိန်တည်း၌ ဒုံးကျည်ပစ်ခတ်မှုအများအပြားအား ကိုင်တွယ်နိုင်မည်ဖြစ်ကြောင်း တရုတ်စစ်ဘက် ဒုတိယအမြောက်ကြီးတပ်ဖွဲ့ တပ်မှူးက ပြောကြားခဲ့သည်။ **အင်တာနက်။**

မဟာစကြဝဠာ၏ အရုဏ်ဦးကာလမှ နဂါးငွေ့တန်းကြယ်စု ဂျပန်နက္ခတ္တဗေဒသိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိခဲ့ဟုဆို

ဟိုနိုလူလူ ဇွန် ၁၃

မဟာစကြဝဠာအတွင်း သက်တမ်းအရင့်ဆုံးအဖြစ် ယူဆနိုင်သော နဂါးငွေ့တန်းကြယ်စု(Galaxy) တစ်ခုကို အမေရိကန်ပြည်ထောင်စု ဟာဝိုင်ယီကျွန်းရှိ အဝေးကြည့်မှန်ပြောင်းများအား အသုံးပြုကာ ဂျပန်နက္ခတ္တဗေဒသိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း ဇွန် ၁၁ ရက် သတင်းများတွင် ဖော်ပြသည်။

ဟာဝိုင်ယီကျွန်း မော်နာကီအာတောင်ထိပ်မှ အဝေးကြည့်မှန်ပြောင်းများအား အသုံးပြုကာ ဂျပန်သိပ္ပံပညာရှင်များရှာဖွေတွေ့ရှိခဲ့သော နဂါးငွေ့တန်းကြယ်စုမှာ ကမ္ဘာမြေမှ အလင်းနှစ် ၁၂ ဒသမ ၉၁ ဘီလီယံအကွာ၌ ဖြစ်တည်လျက်ရှိသည်။

အလင်းနှစ်ဟူသည် တစ်နှစ်တာကာလအတွင်း အလင်းရောင်ဖြတ်သန်းသွားလာနိုင်သည့် ခရီးအကွာအဝေးဖြစ်ပြီး မိုင်ပေါင်း ၆ ထရီလီယံနှင့် ညီမျှသည်။ သို့ဖြစ်ရာ ကမ္ဘာဂြိုဟ်၏အဝေးမှ နဂါးငွေ့တန်းကြယ်စုများအား တွေ့မြင်ရခြင်းသည် အချိန်ကာလနောက်ကြောင်းပြန်ခြင်းနှင့် အလားတူသည်။

ယခုတွေ့ရှိရသော နဂါးငွေ့တန်းကြယ်စုမှာ စကြဝဠာအတွင်း သက်တမ်းအရင့်ဆုံးဖြစ်ဖွယ်ရှိကြောင်း၊ ဂျပန်သိပ္ပံပညာရှင်များ၏ တွက်ချက်မှုသည် အခြားသောနဂါးငွေ့တန်းကြယ်စု ရှာဖွေတွေ့ရှိချက်များနှင့် နှိုင်းစာပါက အပြောင်းအလဲများစွာမရှိသော်လည်း ပိုမိုခိုင်မာမှုရှိကြောင်း ကယ်လီဖိုးနီးယား နည်းပညာအင်စတီကျုမှ နက္ခတ္တဗေဒသိပ္ပံပညာရှင် ရစ်ချက်အဲလစ်က ပြောကြားခဲ့သည်။

လက်ရှိနက္ခတ္တရူပသိပ္ပံ သီအိုရီများအရ မဟာစကြဝဠာသည် လွန်ခဲ့သောနှစ်ပေါင်း ၁၃ ဒသမ ၇ ဘီလီယံက ဖြစ်ပွားခဲ့သည့် ဘစ်ဘင်(Big Bang) ခေါ် မဟာပေါက်ကွဲမှုကြီးမှ စတင်ဖွဲ့စည်းဖြစ်တည်ခဲ့ကြောင်း လက်ခံထားကြသည်။

သို့ဖြစ်ရာ နက္ခတ္တဗေဒသိပ္ပံပညာရှင်များသည် ရနိုင်သမျှ စွမ်းအားအမြင့်ဆုံး အဝေးကြည့်မှန်ပြောင်းများကို အသုံးပြုကာ မဟာစကြဝဠာ၏ အရုဏ်ဦးကာလအတွင်း ပိုမိုတိုးဝင်လေ့လာလျက်ရှိသည်။ **အင်တာနက်။**

ဆုကြေးစားအဖြစ်ကို ငြင်းပယ်ခဲ့သူ ကျူးဘားဟဲဗီးဝိတ်လက်ဝှေ့ကျော်၏ရုပ်အလောင်း ဟာဗားနား၌ ကျင်းပ

ဟာဗားနား ဇွန် ၁၃

ကျူးဘားနိုင်ငံ၏ အကြီးကျယ်ဆုံး အားကစားသူရဲကောင်းများအနက် တစ်ဦးအပါအဝင်ဖြစ်သော ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံဟောင်း တီအိုဖီလိုစတီဗင်ဆင်သည် ဇွန် ၁၁ ရက်က ကွယ်လွန်ခဲ့ကြောင်း သိရသည်။

အိုလံပစ်အားကစားပွဲတော်များ၌ ရွှေတံဆိပ်သုံးခု ဆွတ်ခူး၍ ကျူးဘားနိုင်ငံ၏ ဂုဏ်ကိုဆောင်ခဲ့သူ စတီဗင်ဆင်၏ရုပ်အလောင်းအား ဟာဗားနားမြို့တော်တွင် ဗုဒ္ဓဟူးနေ့က မြေမြှုပ်သင်္ဂြိုဟ်ခဲ့ကြောင်း သိရသည်။

နှလုံးဝေဒနာခံစားနေရသော ဟဲဗီးဝိတ်လက်ဝှေ့ကျော် စတီဗင်ဆင်သည် အသက်(၆၀)အရွယ်တွင် ကွယ်လွန်ခဲ့ကြောင်း ကျူးဘားနိုင်ငံပိုင်သတင်းမီဒီယာက ထုတ်ပြန်ကြေညာခဲ့သည်။

၁၉၇၀ ခုနှစ်အတွင်း အမေရိကန်ပြည်ထောင်စုမှ လက်ဝှေ့ပွဲစီစဉ်သူများသည် ကျူးဘားလက်ဝှေ့ကျော် စတီဗင်ဆင်အား ဆုကြေးစားလက်ဝှေ့သမားအဖြစ် လမ်းကြောင်းပြောင်း၍ ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံ မိုဟာမက်အလီနှင့် ထိုးသတ်ရန် အမေရိကန်ဒေါ်လာ ငါးသန်းဖြင့် ကမ်းလှမ်းခဲ့ကြသည်။

သို့ရာတွင် ဆုကြေးစားအားကစားပွဲများကို ဥပဒေဖြင့် ပိတ်ပင်ထားသော ကျူးဘားတော်လှန်ရေးအပေါ် သစ္စာစောင့်သိခဲ့သည့် စတီဗင်ဆင်သည် အမေရိကန်လက်ဝှေ့ပွဲစီစဉ်သူများ၏ ကမ်းလှမ်းချက်အား ငြင်းပယ်ခဲ့သည်။

ကျူးဘားလက်ဝှေ့ကျော် တီအိုဖီလိုစတီဗင်ဆင်၏ ရုပ်အလောင်းအခမ်းအနားသို့ ကျူးဘားခေါင်းဆောင်ဟောင်း ဖီဒယ်လ်ကတ်စထရိုနှင့် ဗင်နီဇွဲလားနိုင်ငံ၏ လက်ဝဲဝါဒီသမ္မတ ဟူဂိုချာဗက်ဇ်တို့က လွမ်းသူ့ပန်းခွေများ ပေးပို့ခဲ့ကြသည်။ **အင်တာနက်။**

ကျူးဘားနိုင်ငံသား လက်ဝှေ့ကျော် တီအိုဖီလို စတီဗင်ဆင်ကို ၁၉၈၀ ခုနှစ် ရုရှားနိုင်ငံ မော်စကို အိုလံပစ်ပွဲတော် ဟဲဗီးဝိတ် လက်ဝှေ့ပြိုင်ပွဲ၌ ရွှေတံဆိပ်ရယူအပြီး တွေ့ရစဉ်။

ပင်လယ်ကွေ့ရေပြင်အတွင်းသို့ ပုလဲယဉ်ကျေးမှု တစ်ကျော့ပြန်ရောက်လာ

ဒူဘိုင်း ဇွန် ၁၃

ရေနံကို ရှာဖွေတွေ့ရှိမှုကြောင့် ပင်လယ်ကွေ့ဒေသ၌ အပြောင်းအလဲများမဖြစ်ပေါ်မီ ယင်းဒေသ၏ ခေတ်ဦးစွာ အရင်းအမြစ်မှာ ပုလဲများဖြစ်ခဲ့ပြီး ပုလဲငုပ်သမားများသည်လည်း ဒေသတွင်းစီးပွားရေးအတွက် မရှိမဖြစ် အရေးပါခဲ့သည်။

သို့ရာတွင် ၁၉၃၀ ခုနှစ်ဝန်းကျင်၌ မွေးမြူရေးပုလဲများအား မည်သို့ရရှိနိုင်သည်ကို ဂျပန်သိပ္ပံပညာရှင်များက လေ့လာတွေ့ရှိခဲ့ချိန်တွင် ပင်လယ်ကွေ့ ပုလဲငုပ်သမားများ၏ ဘဝများသည်လည်း အပြောင်းအလဲဖြစ်ခဲ့ရသည်။

ယနေ့အချိန်တွင် ဂျပန်နိုင်ငံမှ ပုလဲကုန်သည်များနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုတို့အကြား ပူးပေါင်းဆောင်ရွက်မှုတစ်ရပ်ကြောင့် ကမာကောင်မွေးမြူရေးစခန်းတစ်ခုနှင့် ပုလဲအယဉ်ထုတ်လုပ်ရေးလုပ်ငန်းတစ်ခုတို့သည် ယူအေအီး၌ ပထမဆုံး ပေါ်ပေါက်လာပြီဖြစ်ကြောင်း ဇွန် ၁၂ ရက် သတင်းများတွင် ဖော်ပြထားသည်။

ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တော် အရှေ့မြောက်ဘက် မိုင် ၆၀ ခန့်အကွာရှိ ပင်လယ်ကွေ့ရေပြင်သည် မွေးမြူရေးပုလဲထုတ်လုပ်ရန် သင့်လျော်သည့် ရေထုအပူချိန်၊ ဆားဓာတ်ပါဝင်မှုနှင့် မွေးမြူရေးပုလဲများအတွက် လိုအပ်သော အာဟာရဓာတ်များ ပြည့်စုံကြောင်း သိရသည်။

ပင်လယ်ကွေ့မွေးမြူရေးပုလဲများသည် ဂျပန်နိုင်ငံထွက်မွေးမြူရေးပုလဲများထက် ပိုမိုထူထဲကြောင်း ဂျပန်ပုလဲကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

သဘာဝအားဖြင့် ပုလဲရတနာများသည် ကမာကောင်၏ အခွံမာအတွင်း အရာဝတ္ထုအစအန တစ်ခုခုဝင်ရောက်ရာမှတစ်ဆင့် ဖြစ်ပေါ်လေ့ရှိသည်။

မွေးမြူရေးပုလဲထုတ်လုပ်ရာတွင် ကမာကောင်မွေးမြူသူများသည် ကမာကောင်များ၏ အခွံမာအတွင်း လူလုပ်အရာဝတ္ထုတစ်ခုခုထည့်သွင်းကာ ပုလဲကိုဖန်တီးရယူခြင်းဖြစ်သည်။ **အင်တာနက်။**

ဒီဇယ်အင်ဂျင် အိတ်ဇောငွေ့များကြောင့် ကင်ဆာရောဂါဖြစ်ပွားရ

ဂျီနီဗာ ဇွန် ၁၃

ဒီဇယ်အင်ဂျင်များမှ ထွက်ရှိသော အိတ်ဇောငွေ့များကြောင့် ကင်ဆာရောဂါဖြစ်ပွားတတ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)မှ ကျွမ်းကျင်သူပညာရှင်များက ဇွန် ၁၂ ရက်တွင် ပြောကြားခဲ့သည်။

ဒီဇယ်အင်ဂျင်များမှထွက်ပေါ်သည့် အိတ်ဇောငွေ့များသည် အဆုတ်ကင်ဆာရောဂါဖြစ်ပွားရခြင်း၏ အကြောင်းရင်းတစ်ရပ်ဖြစ်ပြီး ဆီးအိမ်အတွင်း၌လည်း အကျိတ်များတည်စေနိုင်ဖွယ်ရှိကြောင်း ဒဗလျူအိတ်ချ်အိုပညာရှင်များက သုံးသပ်ထားသည်။

မိုင်းတွင်းအလုပ်သမားများ၊ မီးရထားအလုပ်သမားများ၊ ထရပ်ကားယာဉ်မောင်းများစသော ဒီဇယ်အင်ဂျင်များမှ ထွက်ပေါ်သည့် အိတ်ဇောငွေ့များ အများဆုံးရှူသွင်းနေရသူများကို သုတေသနပြုလုပ်ခဲ့ပြီးနောက် အထက်ပါရလဒ်ကို သုတေသနပညာရှင်များက ဖော်ထုတ်နိုင်ခြင်းဖြစ်သည်။

သို့ရာတွင် ဒီဇယ်အင်ဂျင်များမှထွက်ပေါ်သည့် အိတ်ဇောငွေ့များ၏ ဘေးအန္တရာယ်အား လျှော့ချရေးအတွက် လူတိုင်းသတိထားကြိုးပမ်းသင့်ကြောင်း သုတေသနပညာရှင်များက သတိပေးထားသည်။

ဒီဇယ်အင်ဂျင်များ၏ အိတ်ဇောငွေ့များသည် လူသားများကို ကင်ဆာရောဂါဖြစ်ပွားစေနိုင်ဖွယ်ရှိကြောင်း ယခင်က ယူဆသတ်မှတ်ထားသည်။ သို့ရာတွင် ယင်းအိတ်ဇောငွေ့များကို ကင်ဆာရောဂါဖြစ်ပွားမှု၏ တိကျသော အကြောင်းတရားအဖြစ် ဒဗလျူအိတ်ချ်အိုမှ ကင်ဆာသုတေသနပညာရှင်များက သတ်မှတ်လိုက်ပြီဖြစ်သည်။

သုတေသနပညာရှင်များ၏ သတ်မှတ်ချက်အရ ဒီဇယ်အင်ဂျင်အိတ်ဇောငွေ့များသည် ပလူတိုနီယမ်ဒြပ်စင်မှသည် အရက်သေစာအထိ ပါဝင်သော ကင်ဆာရောဂါဖြစ်စေသည့် အကြောင်းတရားများထဲတွင် အပါအဝင်ဖြစ်လာပြီဖြစ်သည်။

အင်တာနက်။

ဖောက်ကလန်ကျွန်းစု၏ အနာဂတ်နိုင်ငံရေးရပ်တည်မှု လူထုဆန္ဒခံယူပွဲတစ်ရပ်ကျင်းပ၍ ဆုံးဖြတ်မည်

စတန်လေ ဇွန် ၁၃

အာဂျင်တီးနားနိုင်ငံကို ဆန့်ကျင်၍ ဗြိတိသျှအချုပ်အခြာအာဏာအောက်တွင်သာ ဆက်လက်နေလိုသည့် ကျွန်းသူကျွန်းသားများ၏ စိတ်ဆန္ဒနှင့်ပတ်သက်၍ ယုံမှားသံသယများ ပပျောက်စေရန် ဖောက်ကလန်ကျွန်းစု၏ အနာဂတ်နိုင်ငံရေး ရပ်တည်ချက်ကို ထုတ်ဖော်မည့် လူထုဆန္ဒခံယူပွဲတစ်ရပ်အား ၂၀၁၃ ခုနှစ်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ဖောက်ကလန်ကျွန်းစုအစိုးရက ဇွန် ၁၂ ရက်၌ ပြောကြားခဲ့သည်။

ဖောက်ကလန်ကျွန်းစုကို ပိုင်ဆိုင်ခွင့်ရရေးအတွက် ဗြိတိန်နှင့် အာဂျင်တီးနားတို့သည် ၁၉၈၂ ခုနှစ်တွင် စစ်ပွဲဖြစ်ပွားခဲ့ပြီး နှစ်ပေါင်း ၃၀ မျှ ကြာမြင့်လာသည့်တိုင် နှစ်နိုင်ငံအကြား တင်းမာမှုများ မြင့်တက်နေဆဲ ဖြစ်သည်။

ဖောက်ကလန်ကျွန်းစုကို ဗြိတိန်နိုင်ငံ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အဝေးနယ်မြေအဖြစ် ဆက်လက်တည်ရှိစေလိုသည့် ကျွန်းသူကျွန်းသားများ၏ ဆန္ဒအပေါ် မိမိအနေဖြင့် သံသယမရှိကြောင်း ဖောက်ကလန်ကျွန်းစု ဥပဒေပြုလွှတ်တော်ဥက္ကဋ္ဌက ပြောကြားခဲ့သည်။

ဖောက်ကလန်ကျွန်းသူကျွန်းသားများ၏ အနာဂတ်နိုင်ငံရေးရပ်တည်ချက် သဘောထားနှင့် ပတ်သက်၍ ယုံမှားသံသယများ ပပျောက်စေရန် ဗြိတိန်အစိုးရ၏ ထောက်ခံချက်ဖြင့် လူထုဆန္ဒခံယူပွဲတစ်ရပ်ကို ကျင်းပသွားရန် ဆုံးဖြတ်ထားကြောင်း ၎င်းက ပြောကြားခဲ့သည်။

လူထုဆန္ဒခံယူပွဲကို ၂၀၁၃ ခုနှစ် ပထမနှစ်ဝက်အတွင်း ကျင်းပနိုင်မည်ဟု မျှော်လင့်ရကြောင်း သတင်းများတွင် ဖော်ပြထားသည်။ **အင်တာနက်။**

မနာလိုကင်း ဝန်တိုရှင်းမှ လက်ငင်းချမ်းသာ ရနိုင်မည်

မြင့်မောင် (ရေစကြို)

သံသရာအတွင်း လည်ပတ်နေကြရသည့် သတ္တဝါအပေါင်းသည် အပါယ်လေးဘုံ၊ လူ့ပြည်တစ်ဌာန၊ နတ်ပြည်ခြောက်ရွာ၊ ဗြဟ္မာဘုံနှစ်ဆယ် ပေါင်း ၃၁ ဘုံရှိသည့်အနက် လူ့ဘုံသည် ကောင်းကျိုးချမ်းသာများကို ဖန်တီးနိုင်ခွင့်ရှိသဖြင့် အမြတ်ဆုံးဘုံဟု သတ်မှတ်ပါသည်။ "မနုဿတ္တဘာဝေါ ဒုလ္လဘော" လူ့ဘဝရရှိရန် အလွန်ခဲယဉ်းသည်ဟု မြတ်စွာဘုရားက ဟောကြားတော်မူခဲ့ရာ အမှန်ပင်မျက်မှောက်ကာလကိုကြည့်မည်ဆိုပါက ကမ္ဘာ့လူဦးရေသည် သန်း ၇၀၀၀ ခန့်ရှိရာ ကျန်သတ္တဝါဖြစ်သည့် အပါယ်လေးဘုံဖြစ်သည့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တွင်ရှိနေသည့် အရေအတွက်၊ နတ်ပြည်၊ ဗြဟ္မာရွာတွင်ရှိနေသည့် အရေအတွက်များသည် လူ့ပြည်ထက် အဆပေါင်းများစွာ မရေမတွက်နိုင်အောင် များပြားမည်ဖြစ်ပါသည်။

သို့အတွက် လူ့ပြည်တွင် လူဖြစ်ရခြင်းသည်ကိုက လူဖြစ်ထိုက်သော ကောင်းမှုတစ်ခုခုကို ပြုခဲ့ရသောကြောင့် လွန်စွာမှပင်ကံကောင်းသူများဖြစ်သည်ဟု ဆိုရပေမည်။ ကံဟူ၍ဆိုရာတွင် အတိတ်ကံ၊ ပစ္စုပ္ပန်ကံဟူ၍ နှစ်မျိုးနှစ်စားရှိပြန်ပါသည်။ အတိတ်ကံသည် ပြုလုပ်ခဲ့ပြီးဖြစ်သဖြင့် မိမိမပိုင်နိုင်ပါ။ ပစ္စုပ္ပန်ကံသည်သာ ယခုမိမိလက်ဝယ်ရှိနေသဖြင့် မိမိကိုယ်တိုင် ပိုင်နိုင်ပါသည်။ အတိတ်ကကောင်းမှု၊ မကောင်းမှုတို့ကို ပြုလုပ်မိပါက ထိုပြုမူခဲ့သည့် ကံအကြောင်းတရားကြောင့် ပစ္စုပ္ပန်တွင်ကောင်းကျိုး၊ ဆိုးကျိုးကို ခံစားရပါသည်။ သို့ရာတွင် ပစ္စုပ္ပန်တွင်ကောင်းသော ကံအမှုများများပြုလုပ်မည်ဆိုပါက အတိတ်ကမကောင်းခဲ့သည့် ကံဝဋ်ကြွေးများသည်ပင် လုံးလုံးပျောက်မသွားသော်လည်း လျော့ပါးသွားနိုင်ပါသည်။ သို့သော် အတိတ်ကကောင်းသောအမှု ပြုလုပ်ခဲ့သဖြင့် ယခုပစ္စုပ္ပန်လူ့ဘဝတွင် ကောင်းသောမျိုးနွယ်၊ ကောင်းသောဂုဏ်သိန်၊ ကောင်းသောစည်းစိမ်ခံစားရသည်ဆိုသည့်တိုင် ယခုပစ္စုပ္ပန်တွင် မကောင်းသောကံဖြစ်သည့် အကုသိုလ်အမှုကို များများပြုလုပ်မိပါက အတိတ်ကကောင်းခဲ့သောကံသည်ပင် မှေးမှိန်လျော့နည်း သွားတတ်ပါသည်။

ဤနေရာတွင် ကံဆိုသောအမှုကို အနက်အဓိပ္ပာယ်ဖွင့်ရပါလျှင် ကမ္မက ဆင်းသက်လာသဖြင့်ပြုလုပ်ခြင်းဟု အဓိပ္ပာယ်ရပါသည်။ ပြုလုပ်ရာတွင် ကောင်းစွာကြံစည်တွေးတော၊ ပြောဆို၊ ပြုလုပ်ခြင်းသည် ကောင်းသောကုသိုလ်ကံများပင်ဖြစ်၍ ၎င်းနှင့်ဆန့်ကျင်ဘက် မကောင်းတွေးကြံ၊ မကောင်းပြော၊ မကောင်းပြုလုပ်ခြင်းသည် မကောင်းသော အကုသိုလ်ကံဖြစ်ပါသည်။ ကုသိုလ်ဆိုသည်မှာလည်း မိမိရောသူတစ်ပါးနှစ်ဦးသား စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ အကျိုးရှိနိုင်သည့် ပြုလုပ်မှုကို ကုသိုလ်ကံဟု မှတ်သားရပြီး မိမိသူတစ်ပါးစိတ်ရောကိုယ်ပါ မချမ်းသာအောင် ပြုလုပ်သည့်အမှုမျိုးကိုတော့ မကောင်းသောအကုသိုလ်ကံဟု သိရှိမှတ်သားရပါသည်။

လူ့လောကတွင် လူမျိုးမရွေး၊ ဘာသာမရွေး၊ အဆင့်အတန်းမရွေး အားလုံးတူညီနေကြသည့်အချက်မှာ အများစုသည် ပုထုဇဉ်များသာ ဖြစ်ပါသည်။ ပုထုဇဉ်လူသားတိုင်း ရှိနေကြသည်မှာ **"မေတ္တာ"** အချင်းချင်းအပေါ် နှစ်လိုမြတ်နိုးခြင်း၊ **"ကရုဏာ"** မိမိထက်နိမ့်ကျသည်ကို သနားညှာတာခြင်း၊ **"မုဒိတာ"**မိမိထက် တိုးတက်ကြီးပွားသူကို တွေ့ရပါက ကိုယ်တိုင်ခံစားရသကဲ့သို့ ဝမ်းမြောက်ဝမ်းသာရှိတတ်ခြင်း၊ **"ဥပေက္ခာ"**မုန်းခြင်း၊ ချစ်ခြင်းမရှိ မိမိအားမကောင်းကြံသူကိုပင် လျစ်လျူရှု၍ သည်းခံနိုင်ခြင်းစသော ဗြဟ္မစိုရ်တရားလေးပါး ရှိနေနိုင်သကဲ့သို့ အခြားတစ်ဖက်မှလည်း အလိုရမ္မက်ကြီးသည့် လောဘစိတ်၊ လိုတာမရ ရတာမလိုသဖြင့် ဖြစ်ပေါ်ရသော ဒေါသစိတ်၊ လောဘ၊ ဒေါသ စိတ်များကိုအခြေခံ၍ အကောင်းအဆိုးမခွဲခြားနိုင်သည့် တွေဝေမိန်းမောနေသည့် မောဟစိတ်စသည့် အဆိုးတရားသုံးပါးသည် ပုထုဇဉ်လူသားတို့၏ အသွင်သဏ္ဍာန်တွင် စွဲကပ်နေတတ်ကြပါသည်။

မကောင်းစိတ်ဖြစ်သော လောဘ၊ ဒေါသ၊ မောဟများကို အခြေခံ၍ နောက်ဆက်တွဲ အဆိုးတရားများမှာ မာနနှင့် ဣဿာမစ္ဆရိယတရားတို့ပင် ဖြစ်ပါသည်။ ဣဿာဆိုသည်မှာ သူတစ်ပါးကောင်းစားခြင်း၊ သူတစ်ပါးကြီးပွားနေခြင်းအပေါ် မနာလိုခြင်း (ဥပမာ- သူက ငါ့လောက်မတော်ဘဲနှင့် ဒီနေရာဘာကြောင့်ရနေရတာလဲ၊ ဘာကြောင့် ငါ့ထက်တော်နေရတာလဲ၊ ဒီပစ္စည်းမျိုး ငါ့လိုလူတောင်မသုံးနိုင်ဘဲ သူကဘာလို့သုံးနေရတာလဲ၊ သူနဲ့မတန်လိုက်တာ ဆိုတာမျိုး)နှင့် မစ္ဆရိယဆိုသည်မှာ မိမိတွင်ရှိနေသော စည်းစိမ်ဥစ္စာပစ္စည်းဂုဏ်သိန်တို့ကို သူတစ်ပါးအား မျှဝေမပေးလိုခြင်း (ဥပမာ- ဒါမျိုး ငါမှအပ ဘယ်သူမှမသုံးစွဲစေရဘူး၊ နိုင်ငံကြီးများဆိုလျှင် နည်းပညာမြင့်သော ငါ့ပစ္စည်းမျိုးသူများနိုင်ငံတွင် မပိုင်ဆိုင်၊ မသုံးစွဲစေရဘူး၊ ပိတ်ပင်တားဆီးရမည်၊ ငါတို့နိုင်ငံကပဲ ထုတ်လုပ်ရောင်းချရမည်ဆိုတာမျိုး)ပင် ဖြစ်သည်။ ထို့ကြောင့် အဆိုးတရားထဲတွင် မနာလိုဝန်တိုမှုဆိုသည့်အဆိုးတရားသည် အဆိုးရွားဆုံးပင် ဖြစ်ပါသည်။ ယနေ့မျက်မှောက်ကာလ နိုင်ငံအတွင်း၊ ကမ္ဘာကြီးအတွင်း ဤမနာလို ဝန်တိုမှုဟူသော ဣဿာမစ္ဆရိယ အဆိုးတရားများကြောင့် မိမိတို့တစ်မိသားစုတည်းမှာပင် အချင်းချင်း အမှုအခင်းဖြစ်ကြ၊ သတ်ကြဖြတ်ကြဟူသော အဆိုးရွားဆုံး မကောင်းမှုကံကိုပင် ပြုလုပ်နေတတ်ကြပါသည်။ ဤဣဿာမစ္ဆရိယတရားကြောင့်ပင် ကမ္ဘာကြီးအတွင်း နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ နီးစပ်ရာအုပ်စုတစ်ခုနှင့်တစ်ခု အငြင်းပွားခြင်း၊ ပြိုင်ဆိုင်ခြင်း၊ ၎င်းမှတစ်ဆင့် သတ္တဝါတို့အတွက် အလွန်အန္တရာယ်ကြီးမားသည့် ယှဉ်ပြိုင်တိုက်ခိုက်သတ်ဖြတ်မှုအထိ မကောင်းသောဘေးအန္တရာယ်များဖြစ်ပေါ်နေကြရပါသည်။

ဤဣဿာမစ္ဆရိယဆိုသည့် မနာလိုဝန်တိုမှုကြောင့်ပင် တစ်ဦးနှင့်တစ်ဦးအကျပ်ကိုင်ခြင်း၊ ပိတ်ဆို့တားဆီးခြင်း၊ ခြိမ်းခြောက်ခြင်းစသည်တို့ကို ပြုလုပ်တတ်ကြလေရာ သတိတရားနှင့် အသိတရားရရှိစေရန်အတွက် ဘုရားဟောတရားတော်အရ ရှေးရှေးက ရှိခဲ့သော အကြောင်းအကျိုးသာဓကများကို အောက်ပါအတိုင်း အသိပေးတင်ပြလိုပါသည်။

ဂေါတမဘုရားရှင်လက်ထက်၌ လာဘ်လာဘအရာတွင် လွန်စွာမှထူးခြားလွန်ကဲသော အရှင်သီဝလိအလောင်းလျာသည် မိခင်သုပ္ပဝါသမင်းသမီး၏ ဝမ်းကြာတိုက်၌ သန္ဓေတည်စဉ်ကပင် ၎င်း၏မယ်တော်မှာ လက်ဆောင်ပဏ္ဏာများစွာရရှိခဲ့သည့်အပြင် မယ်တော်၏လက်ဖြင့်မျိုးစေ့များကိုထိလျှင်ပင် အညှောက်ပေါက်ရှင်သန်ကြီးထွား အထွက်တိုးခဲ့ပါသည်။ ဘဝဘဝကပြုလုပ်ခဲ့သော ပါရမီကောင်းမှုကုသိုလ်ကံကြောင့် လာဘ်လာဘထူးခြားပေါ်များသော်လည်း အခြားတစ်ဖက်မှလည်း အရှင်သီဝလိအလောင်းလျာသည် ရှေးဘဝတစ်ခု၌ မကောင်းမှုအကုသိုလ်ကံကြောင့် မိခင်ဝမ်းတွင်ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်ကြာမှမွေးဖွားခဲ့သဖြင့် မိခင်ဝမ်း၌ပင် အချိန်ကြာမြင့်စွာ ဒုက္ခခံခဲ့ရပါသည်။ ဤကဲ့သို့ ဝဋ်ခံခဲ့ရသည့် အတိတ်အကြောင်းတစ်ခုမှာ တစ်ခုသောဘဝ၌ ရှင်သီဝလိသားအမိသည် ဗာရာဏသီမင်း၏ မိဖုရားနှင့် သားတော်ဖြစ်ခဲ့၏။ ဗာရာဏသီမင်းအား ကောသလ္လမင်းက စစ်တိုက်အောင်မြင်၍ မိဖုရားကိုသိမ်းပိုက်လိုက်သောအခါ လွတ်မြောက်သွားသော သားတော်သည် လူသူလက်နက်အင်အားစုဆောင်း၍ ကောသလ္လမင်းအားစစ်တိုက်ရန် မြို့တော်ကိုဝန်းရံထားရာ မိခင်ဖြစ်သူက လူအများသေကျေမည်ကို စိုးရိမ်သောကြောင့် မတိုက်ခိုက်ဘဲ မြို့အားဝန်းရံထားရန် အကြံပေးသောကြောင့် ခုနစ်နှစ်ကြာသည်အထိ မြို့အားပိတ်ဆို့ထားရာ မြို့တွင်းမှ တိုင်းသူပြည်သားတို့သည် အစာငတ်မွတ်ခြင်းဘေး၊ ရောဂါဘယမျိုးစုံဖြင့် ဒုက္ခမျိုးစုံ ခံစားခဲ့ကြရပါသည်။ ဤကဲ့သို့ ပိတ်ဆို့ခဲ့သော အကုသိုလ်ဝဋ်ကြွေးကြောင့် မိခင်ရောသားပါ ခုနစ်နှစ်ကြာသည်အထိ ပဋိသန္ဓေဒုက္ခကို ခံစားခဲ့ကြရပါသည်။

ဒုတိယသာဓကတစ်ခုမှာ သာဝတ္ထိပြည်၏ သူဌေးကြီးအာနန္ဒသည် ၎င်းတွင်ရှိသည့် ပစ္စည်းဥစ္စာများကို သူတစ်ပါးမြင်မည်စိုး၍ သုံးစွဲစားသုံးရာတွင် အခန်းပိတ်ကာ တိတ်တိတ်ကလေးစားသုံး၊ အသုံးပြုခဲ့ပါသည်။ ထို့ပြင် သူတစ်ပါးတို့က လှူဒါန်းပေးကမ်းသည်ကိုမြင်လျှင်လည်း လိုက်လံပိတ်ပင်တားမြစ်ခဲ့ပါသည်။ ဤဣဿာမစ္ဆရိယမကောင်းမှုကံကြောင့် သူဌေးဘဝမှ ကွယ်လွန်သော် သူတောင်းစားရွာတစ်ရွာတွင် သူတောင်းစား သွား၍ဖြစ်ခဲ့ပါသည်။ ထိုသူဌေးတစ်ဘဝပြောင်း ထိုသူတောင်းစားကိုယ်ဝန်ရှိသည့်အချိန်မှစ၍ ထိုသူတောင်းစားရွာသည် လာဘ်လာဘပိတ်ပြီး တောင်းရမ်းစားသောက်၍ မရတော့ပါ။ သို့အတွက် ရွာအားနှစ်ခြမ်းခွဲ၍ တစ်ခြမ်းစီမှတောင်းရမ်းသောအခါ မကောင်းသော သန္ဓေယူထားသည့်ဘက်မှ တောင်းရမ်းမရဘဲ အခြားဘက်ခြမ်းမှ တောင်းရမ်းရရှိကာ လာဘ်လာဘများ ပြန်လည်ရရှိလာပါသည်။ ဤသို့အားဖြင့် အစိတ်စိတ်ခွဲခြမ်းလိုက်သောအခါ မိခင်နှင့်သူတောင်းစား သန္ဓေလောင်းသာ ကျန်ပါတော့သည်။ မိခင်သည် သူတောင်းစားကိုယ်ဝန်လွယ်ထားသည့် အချိန်တွင် အစာရေစာမဝ ဒုက္ခမျိုးစုံခံစားရပြီး ထိုသူတောင်းစားငယ် မွေးဖွားပြီးသည့်အချိန်တွင် ကလေးအားအိမ်တွင်ထား၍ ထွက်တောင်းသည့်အခါ စားသောက်စရာ အနည်းငယ်ရပါသည်။ ကလေးပါလာလျှင် လုံးဝလာဘ်မရတော့ပါ။ ထို့ကြောင့် သူတောင်းစားကလေးအား ခွက်တစ်လုံးပေး၍ ပစ်ထားခဲ့ပါသည်။ ထိုသူတောင်းစားလေးကြီးပြင်းလာသောအခါ လိုက်လံတောင်းစားနေရင်း ယခင်ဘဝက ၎င်းသူဌေးအဖြစ်ဖြင့် နေခဲ့သောအိမ်သို့ ရောက်ရှိခဲ့ပါသည်။ ဤအိမ်သည် ငါ့အိမ်၊ ဤနေရာသည် ငါနေခဲ့သည့်အခန်း စသည်ဖြင့်ပြောသောအခါ ၎င်းအိမ်တွင် ရှိသောသူများက မယုံကြည်ကြဘဲ ဝေါက်ငမ်းကြိမ်းမောင်း ရိုက်နှက်ကြပါသည်။ ထိုအခါ မြတ်စွာဘုရားကြွလာပြီး အတိတ်ဇာတ်ကြောင်းကို ပြန်ပြောင်းဟောကြားသဖြင့် ယခုအိမ်ရှင်မူလသီရိသူဌေးသည် ဤသူတောင်းစားလေးကား ယခင်ဘဝက မိမိ၏ဖခင်အာနန္ဒသူဌေးဖြစ်ကြောင်း သိရှိသွားခဲ့ပါသည်။ အာနန္ဒတစ်ဖြစ်လဲ သူတောင်းစားလေးကလည်း ရှေးဘဝကမြှုပ်နှံထားသော ရတနာရွှေအိုးကြီးငါးလုံးအား သားဖြစ်သူမူလသီရိအား ဖော်ထုတ်ပြသပေးခဲ့ပါသည်။ ထို့အပြင် သားဖြစ်သူမူလသီရိအား ဘဝဟောင်းက အာနန္ဒသူဌေးကဲ့သို့ နှမြောတွန့်တိုခြင်း၊ သူတစ်ပါးလှူဒါန်းသည်ကို ပိတ်ပင်တားမြစ်ခြင်းမရှိဘဲ သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းပေးကမ်းရန် အားပေးတိုက်တွန်းခဲ့ပါသည်။ ထိုတိုက်တွန်းနှိုးဆော်သော ကုသိုလ်ကံကြောင့် သူတောင်းစားလေးမှာလည်း သားဖြစ်သူ၏ ပေးကမ်းလှူဒါန်းခြင်းကိုခံယူရပြီး သူတောင်းစားဘဝမှ လွတ်မြောက်သွားပါသည်။ ထို့အပြင် မူလသီရိနှင့် မိသားစုသည်လည်း ဘုရားရှင်၏ တပည့်သာဝကများ ဖြစ်သွားကြပါသည်။

တတိယသာဓကတစ်ခုမှာ ဂေါတမမြတ်စွာဘုရားမပွင့်မီ ပဏ္ဏာတိုင်း ဇေရကစ္ဆမြို့၌ ဓနပါလမည်သော သူဌေးတစ်ဦးရှိခဲ့၏။ ငွေအသပြာ လှည်းအစီး ၈၀ တိုက်မျှရှိ၍ ရွှေစင်ပုလဲကျောက်မျက်ရတနာများ မရေမတွက်နိုင်အောင် များပြားချမ်းသာသည်။ သို့ရာတွင် သူဌေးကြီးသည် လွန်စွာမှကပ်စေးနှဲတွန့်တိုသည်။ ဣဿာမစ္ဆရိယတရားကြောင့် ကိုယ်တိုင်မလှူဒါန်းသည့်အပြင် သူတစ်ပါးလှူဒါန်းထားသော ရေတွင်းရေကန်၊ ရေအိုးစင်နှင့် ခင်းထားသောလမ်းတံတားတို့ကိုပင် ကိုယ်တိုင်လည်းဖျက်ဆီး၊ သူတစ်ပါးကိုလည်း ဖျက်ဆီးခိုင်းခဲ့ပါသည်။

ထိုသူဌေးကြီး သေလွန်ပြီးနောက် ပြိတ္တာဘဝရောက်သွားရာ ၅၅ နှစ်တာကြာသည်အထိ လုံးဝရေမသောက်ရ၊ အစာမစားခဲ့ရပါ။

သာဝတ္ထိပြည်သားကုန်သည် ၅၀၀ တို့သည် ခရီးသွားရင်း မြစ်ချောင်းတစ်ခုဘေး၌ စခန်းချစဉ် ဓနပါလသူဌေးတစ်ဖြစ်လဲ ပြိတ္တာကြီး၏ ရေငတ်၊ အစာငတ်သဖြင့် ညည်းညူသံကို ကြားကြရသည်။ ကုန်သည်များမှ ပြိတ္တာကြီးကို သွားရောက်မေးမြန်းသည့်အခါ အစာမစား၊ ရေမသောက်ရသဖြင့် ဒုက္ခခံစားနေရကြောင်းနှင့် သူဌေးဘဝက ပိတ်ပင်တားဆီးခဲ့သည်များကို ပြောပြပြီး သူကဲ့သို့ မဖြစ်စေရန် တရားချခဲ့ပါသည်။ လှည်းသား ၅၀၀ တို့က တစ်နေကုန်ရေခပ်၍ ပြိတ္တာကြီး၏ပါးစပ်ထဲသို့ ရေများလောင်းထည့်ကြပါသည်။ သို့သော် ပြိတ္တာကြီး၏ပါးစပ်မှာ အပ်နဖားပေါက်မျှသာရှိသဖြင့် ပါးစပ်အတွင်းသို့ ရေလောင်းထည့်သော်လည်း ရေမရောက်ဘဲ အာခေါင်စွတ်ရုံသာရှိသည်ဟု ဆိုပါသည်။ ပြိတ္တာကြီးက အသနားခံသည်မှာ သူကိုယ်တိုင်ပြိတ္တာဖြစ်နေ၍ မလှူဒါန်းနိုင်သောကြောင့် သူ့ကိုယ်စား ဘုရား၊ ရဟန္တာ၊ လူပုဂ္ဂိုလ်တို့အား လှူဒါန်းပေးကမ်းပြီး အမျှအတန်းပေးဝေပေးပါရန် မေတ္တာရပ်ခံခဲ့သဖြင့် လှည်းသားတို့က ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးနေသော မြတ်စွာဘုရားအား လှူဖွယ်ဝတ္ထုများလှူဒါန်းပြီး ၎င်းကောင်းမှုအတွက် အမျှအတန်းပေးဝေစေသည့်အခါမှသာ ပြိတ္တာကြီးမှာ အစာရေစာများ ပြန်လည်မှီဝဲသုံးစွဲရကြောင်း သိရှိရပါသည်။ ထိုအချိန်အခါမှစ၍ အလှူအတန်းပြုလုပ်သည့်အခါတွင် အမျှအတန်းပေးဝေသည့် အလေ့အထလည်း ဖြစ်ပေါ်လာကြောင်း မှတ်သားသိရှိရပါသည်။

အထက်ဖော်ပြပါ သာဓကများကို ကြည့်မည်ဆိုပါက ဣဿာမစ္ဆရိယ မနာလိုဝန်တိုမှု အကုသိုလ်အကြောင်းတရားများကြောင့် ဒုက္ခအဖုံဖုံတွေ့ကြုံခံစားရပုံများကိုလည်းကောင်း၊ ပိတ်တာဆို့တာများလာပါက နောင်သံသရာတွင် ကိုယ်တိုင်ပြိတ္တာဖြစ်တတ်သည်ကိုလည်းကောင်း ထင်ရှားပေါ်လွင်စွာ တွေ့ရမည်ဖြစ်ပါသည်။ သို့အတွက် ဤဣဿာမစ္ဆရိယတရားကို မိမိတို့စိတ်ဝယ် နည်းပါးပျောက်ကွယ်အောင် ကြိုးစားကြရမည်ဖြစ်ပါသည်။ ပိတ်တာဆို့တာ ဝါသနာမပါအောင် ကြိုးစားကြရမည်ဖြစ်ပါသည်။ အကယ်၍ ဤဣဿာမစ္ဆရိယတရားကြောင့် ပိတ်ပင်တားဆီးသည့် မကောင်းမှုများပြုလုပ်မိခဲ့လျှင် သံသရာ၏တစ်ကွေ့ကွေ့၊ တစ်နေ့နေ့၊ တစ်ချိန်ချိန်တွင် ဤမကောင်းမှုအတွက် တန်ရာတန်ကြေး ပြန်လည်ပေးဆပ်ကြရမည်ဖြစ်ပါသည်။

ဣဿာမစ္ဆရိယတရားတို့သည် သူတစ်ပါးကိုသာ ထိခိုက်စေသည်မဟုတ်၊ ထိုဣဿာမစ္ဆရိယ မနာလိုဝန်တိုရှိသူတို့ ကိုယ်တိုင်ပင် ပထမဆုံးပူလောင်ရသော တရားများဖြစ်ပါသည်။ သူတစ်ပါးအားမုန်းတီးသဖြင့် ရဲရဲနီနေသောသံလုံးအား မိမိလက်ဖြင့် ကိုင်တွယ်ပစ်ခတ်သောအခါ အပစ်ခံရသူမှာထိမှန်ပြီး ပူမည် မပူမည်မသိရသော်လည်း ပစ်သူကတော့အရင်ဆုံးလက်ပူရမှာ သေချာပါသည်။

သို့အတွက် မကောင်းမှုကို မကောင်းမှုမှန်းသိအောင်ပြုလုပ်ပြီး ထိုအသိတရားဖြင့်ပစ္စုပ္ပန်ဘဝတွင် ကောင်းမှုကုသိုလ်များကို များများကြီးအားဖြည့် လုပ်ဆောင်သွားမည်ဆိုပါက ဝဋ်ကြွေးများဖြစ်၍ လုံးဝပျောက်ကွယ်မသွားသည့်တိုင်အောင် လျော့နည်းမှေးမှိန်ပြီး ကောင်းမှုပြုလုပ်သည့် ကုသိုလ်ကံကြောင့် သံသရာတွင်းတွင် ကောင်းကျိုးချမ်းသာများလည်း ပြန်လည်ရရှိနိုင်ပါသည်။ သံသရာအတွင်းတွင် လည်ပတ်နေကြရသည့် ပုထုဇဉ်လူသားများသည် မကောင်းမှုကိလေသာကာမဂုဏ်တရားများဖြင့် ကင်းကွာ၍မရနိုင်သောကြောင့် ကောင်းမှုရောမကောင်းမှုပါ ပြုလုပ်နေမိကြမည် ဖြစ်ပါသည်။ သို့သော် အချိန်မနှောင်းသေးပါ။ အသိတရား၊ သတိတရား၊ သဒ္ဓါတရားလက်ကိုင်ထား၍ ဒါန၊ သီလ၊ သမထ၊ ဘာဝနာတရားများကို အားထုတ်ကျင့်ကြံသွားမည်ဆိုပါက တစ်ဘဝထက်တစ်ဘဝ ပါရမီရင့်သန်ပြီး နောက်ဆုံးလူသားတို့ ကြိုးစားအားထုတ်မည်ဆိုပါက နိဗ္ဗာန်ထိပင်ရောက်ရှိနိုင်ပါသည်။ မျက်မှောက်ကာလလူ့ဘဝသက်တမ်းသည် နှစ် ၁၀၀ တမ်းဆိုပေသည့် ပျမ်းမျှ ၇၅ နှစ်ခန့်သာရှိပါတော့သဖြင့် သတိတရားလက်ကိုင်ထားပြီး လူ့ဘဝကိုရောက်ရှိခိုက် လူ့တန်ဖိုးရှိအောင် ကောင်းမှုကုသိုလ်များကို များများပြုလုပ်နိုင်ပါစေကြောင်း စေတနာကောင်းဖြင့် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

မနာလိုကင်း ဝန်တိုရှင်း လက်ငင်းချမ်းသာရနိုင်သည်။

(မဟာစည်ဆရာတော်)

သဗ္ဗေသတ္တာ အဝေယာဟောန္တု (သတ္တဝါအပေါင်း ဘေးအန္တရာယ်ကင်းရှင်း၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ)။ ။

အင်တာနက်နည်းပညာသတင်း

ပြည်တွင်းဖြစ်ဒုံးပျံအင်ဂျင် အိန္ဒိယစမ်းသပ်မှု အောင်မြင်

နယူးဒေလီ ဇွန် ၁၃

အိန္ဒိယနိုင်ငံရှိ အာကာသသုတေသနအဖွဲ့သည် ပြည်တွင်းဖြစ်ဒုံးပျံအင်ဂျင်စက်ကို မကြာသေးမီက အောင်မြင်စွာ စမ်းသပ်ခဲ့ကြောင်း အာကာသသိပ္ပံပညာရှင် တစ်ဦးက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၏ ဂြိုဟ်တုလွှတ်တင်ရေးဒုံးပျံယာဉ်၌အသုံးပြုနိုင်ရန် ပြည်တွင်း၌ ဒုံးပျံအင်ဂျင်စက်ကို တည်ဆောက်ခဲ့ပြီး နောက်စမ်းသပ်ခဲ့ရာ အောင်မြင်ကြောင်း အိန္ဒိယအာကာသသုတေသနအဖွဲ့ အကြီးအကဲ ရာဒါခရစ်နန်းက ပြောကြားသည်။

အိန္ဒိယနိုင်ငံ တမီလ်နာဒူးပြည်နယ် တီရူနီဗီလီခရိုင် မဟိန္ဒြာဟီရီမြို့ရှိ ဂြိုဟ်တုလွှတ်တင်ရေးစခန်း၌ အဆိုပါဒုံးပျံအင်ဂျင်ကို မကြာမီက စမ်းသပ်ခဲ့သည်။

အိန္ဒိယအာကာသ သုတေသနအဖွဲ့သည် လာမည့်နှစ်နှစ်တာကာလအတွင်း ဂြိုဟ်တု ၂၄ လုံးအထိ လွှတ်တင်သွားရန် စီစဉ်ထားချိန်တွင် အာကာသနည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများကို တိုးမြှင့်ပြုလုပ်လျက်ရှိသည်။

နိုင်ငံတကာတွင် ဆက်သွယ်ရေးဂြိုဟ်တုများကို ပိုမိုအသုံးပြုလာကြရာ ဂြိုဟ်တုလွှတ်တင်ရေး ဈေးကွက်အတွင်းသို့ထိုးဖောက်ဝင်ရောက်နိုင်ရန် အိန္ဒိယနိုင်ငံက ကြိုးပမ်းလျက်ရှိသည်။

အိန္ဒိယနိုင်ငံ၏ ပြည်တွင်းဖြစ် ဒုံးပျံအင်ဂျင်မှာ cryogenic engine ဖြစ်ပြီး စမ်းသပ်မှုအမျိုးမျိုးကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

အိန္ဒိယ အာကာသသုတေသနအဖွဲ့က တည်ဆောက်ခဲ့သော ပြည်တွင်းဖြစ်ဒုံးပျံအင်ဂျင်ကို တွေ့ရစဉ်။

အိန္ဒိယနိုင်ငံသည် ဂြိုဟ်တုများလွှတ်တင်နိုင်ရန် GSLV အမျိုးအစား ဒုံးပျံကို အသုံးပြုသွားမည် ဖြစ်သည်။

GSLV ဒုံးပျံယာဉ်သည် သုံးဆင့်ပေါက်ဒုံးပျံယာဉ်ဖြစ်ပြီး ဆက်သွယ်ရေးဂြိုဟ်တုများကိုလွှတ်တင်ရာ၌ အသုံးပြုနိုင်မည်ဖြစ်သည်။

အင်တာနက်။

ဘာသာပြန်-စံစံ

ပြည်တွင်းဈေးကွက်တွင် ငါးအဝင်နည်း ပြည်ပပို့ကုန်ငါးများ ဈေးတိုးတောင်းနိုင်

ရန်ကုန် ဇွန် ၁၃

ယခုရက်ပိုင်းတွင် ပြည်တွင်းဈေးကွက်၌ ငါးဝင်ရောက်မှုနည်းနေပြီး ပြည်ပပို့ကုန် သမားများက တစ်ဖက်ဈေးကွက်တွင် ဈေးပိုတောင်းရန် အချိန်အခါကောင်းဖြစ်လာကြောင်း ဇွန် ၁၂ ရက်တွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ကျင်းပသည့် သားငါးကဏ္ဍဆိုင်ရာလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနား ၂၁/၂၀၁၂ မှ သတင်းရရှိသည်။

ရန်ကုန်မြို့ရှိ ငါးဈေးကွက်ကြီးဖြစ်သော ဗဟိုစံပြငါးဈေးအတွင်းသို့ ယမန်နေ့ နံနက်တွင် ငါးဝင်ရောက်မှု လုံးဝမရှိတော့သည့် အခြေအနေဖြစ်ခဲ့သည်ဟု မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။ "ဒီမနက်ပဲ ငါးဒိုင်တွေမှာ ငါးမရှိတာကို တွေ့ရတယ်။ ရွှေမယင်းချောင်းတို့ ညောင်တုန်းဘက်တို့ကို သွားကြည့်တဲ့အခါ 2upအရွယ် ငါးမရှိတော့ဘူး။ နောက်ငါးရဖို့ တော်တော်ခက်သွားပြီ။ အအေးခန်းထဲမှာ ခဲထားတဲ့ငါးတွေရှိရင် ဈေးတိုးတောင်းပါ။ ပြည်ပတင်ပို့သူတွေက နိုင်ငံခြားကို ဈေးတိုးတောင်းဖို့ အချိန်ကောင်းဖြစ်လို့ မွေးမြူသူတွေလည်း အဆင်ပြေအောင် ဈေးတိုးတောင်းပေးပါလို့ တောင်းဆိုချင်ပါတယ်"ဟု ၎င်းကဆိုသည်။

ဗဟိုစံပြငါးဈေးတွင် ပုံမှန်အားဖြင့် နံနက် ၂ နာရီမှ ၆ နာရီအထိ ငါးရောင်းဝယ်ခြင်းများရှိပြီး နံနက် ၄ နာရီမှ ၅ နာရီကြားမှာ ရောင်းအားအကောင်းဆုံးဖြစ်သော်လည်း ငါးမရှိခြင်းကြောင့် ဝယ်ယူသူလည်း မတွေ့ရှိခဲ့ဟု ၎င်းက ဆက်လက်ပြောကြားသည်။ (၆၈၀)

ကရင်ပြည်နယ်အတွင်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်ရန်ကျန်ရှိနေသူများအတွက် ကွင်းဆင်း၍ အခမဲ့ဆောင်ရွက်ပေး

နေပြည်တော် ဇွန် ၁၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းတို့သည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောအောင်ကျော်မင်း၊ ပြည်နယ်ဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ Norwegian Refugee Council (NRC) မှ Country Director, Mr. Christopher Bleers နှင့် တာဝန်ရှိသူများနှင့်အတူ ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် ဘားအံခရိုင် ပိုင်ကျုံမြို့ရှိ ဌာနဆိုင်ရာစုပေါင်းရုံးသို့ရောက်ရှိကြပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများက မိုးပွင့်အဆင့်(၃) အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ One Stop Service ဖြင့် အခမဲ့ထုတ်ပေးနေမှုကို ကြည့်ရှုအားပေးကြသည်။

ထုတ်ပေးမှုအနေဖြင့် ပိုင်ကျုံမြို့ပေါ်ရပ်ကွက်များနှင့် မြို့နယ်အတွင်းရှိ ကစိုကျေးရွာ၊ ပိုင်ကျုံမြို့နှင့် မိုင် ၂၀ ခန့်ကွာဝေးသည့် ဒေါနတောင်(အရှေ့ခြမ်း)မှ ဝင်းဘောနှင့် တာလေကျေးရွာ၊ ဒေါနတောင် (အနောက်ခြမ်း)မှ မုန်တိုင်း၊ မိကြောင်နှင့် ကြက်တူရွေးကျေးရွာများမှ ဒေသခံတိုင်းရင်းသားများ စုစုပေါင်း ၃၅၀ ကျော်ရှိကြောင်း သိရသည်။

ယင်းအခမ်းအနားသို့ နယ်မြေအတွင်းရှိ ကေအင်န်ယူ တပ်မဟာ(၇) ရင်း(၁၀၁)မှ တပ်ရင်းမှူးအဆင့်ရှိ ဒုတိယဗိုလ်မှူးကြီး ဖောဒိုနှင့် တပ်ဖွဲ့ဝင်များလည်း ပါဝင်တက်ရောက်ကြပြီး ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက မိမိတို့ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အနှံ့၌ မိုးပွင့်အဆင့် (၁)၊ (၂)၊ (၃) စီမံချက်တို့ဖြင့် တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားလာသူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းကို ဖြေလျှော့သော စနစ်သစ်နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်ကို အားလုံးတွေ့မြင်ကြားသိကြမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ ယခုကဲ့သို့ဆောင်ရွက်မှုများအပေါ် ရန်ကုန်မြို့အခြေစိုက် လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် NRC အဖွဲ့မှ နိုင်ငံတော်အစိုးရသစ်၏ ထင်သာမြင်သာရှိသော တိုးတက်ပြောင်းလဲလုပ်ရှားမှုတစ်ရပ်အဖြစ် ရှုမြင်သဖြင့် ထောက်ခံအားပေးသည့်အနေဖြင့် ပူးပေါင်းအကူအညီပေးလိုပါကြောင်းကို ညှိနှိုင်းတင်ပြလာပါကြောင်း၊ ထို့ကြောင့် ဒေသခံကျေးရွာသားများမှ တစ်နေရာတည်းတွင် ငွေကုန်ကြေးကျခံ၍ ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များဖြစ်သော ဓာတ်ပုံရိုက်ခြင်း၊ သွေးစစ်ခြင်း၊ မိတ္တူကူးခြင်း၊ ကတ်ပြားများ ပလတ်စတစ်လောင်းခြင်းတို့အတွက် အခငွေအစရှိသည့် ကုန်ကျစရိတ်များကို ကရင်ပြည်နယ်အတွင်း ဆောင်ရွက်မှုများအတွက် လှူဒါန်းခြင်းဖြစ်ပါကြောင်း၊ NRC အဖွဲ့သည် ကရင်ပြည်နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌ တရားဝင် ကူညီဆောင်ရွက်ပေးနေသည့် လူမှုရေးအဖွဲ့အစည်း ဖြစ်ပါကြောင်း၊ ကရင်ပြည်နယ်အတွင်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကို အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်ရန် ကျန်ရှိနေသူများအတွက် ယခုကဲ့သို့ ကွင်းဆင်း၍ One Stop Service ဖြင့် အခမဲ့ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ မွေးရာပါ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအတွက် ဆောင်ရွက်ထုတ်ပေးခြင်းဖြစ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)ပါ နိုင်ငံသားအခွင့်အရေးကို အပြည့်အဝခံစားရသည့် အထောက်အထားဟု ဆိုရမည်ဖြစ်ပါကြောင်း၊ ဤသည်မှာ ငြိမ်းချမ်းရေး၏ အသီးအပွင့်ကို ပထမဦးစွာ ရရှိခံစားကြရခြင်းဖြစ်ပါကြောင်း၊ ရရှိကြသည့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကိုလည်း ပျက်စီး၊ ပျောက်ဆုံးမှုမရှိစေရေးအတွက် စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းကြရန်လိုကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်မှုများအပေါ် ကျေးဇူးတင်ရှိပါကြောင်းနှင့် ဒေသခံတိုင်းရင်းသားများကလည်း တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရေး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကေအင်န်ယူအဖွဲ့အစည်းမှ ဒုတိယဗိုလ်မှူးကြီးဖောဒိုက ဒေသခံတိုင်းရင်းသားများ၏ အိပ်မက်ကို အကောင်အထည်ဖော်ပေးခြင်းဖြစ်ပြီး အမှန်တကယ်အကျိုးရှိသည့် လုပ်ငန်းဖြစ်၍ နိုင်ငံတော်အစိုးရနှင့် ကူညီပံ့ပိုးပေးသည့် အဖွဲ့အစည်းများအား ကျေးဇူးတင်ရှိပါကြောင်းနှင့် ကတ်ပြားများကို တန်ဖိုးထားကိုင်တွယ်ထိန်းသိမ်းကြရန် တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားပြီး NRC မှ Country Director, Mr. Christopher Bleers က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက မိုးပွင့်စီမံချက်များဖြင့် ကရင်ပြည်နယ်အတွင်း ကွင်းဆင်း ဆောင်ရွက်ပေးမှုများနှင့် ပြည်သူများ ကြုံတွေ့ရသည့် အခက်အခဲများကို ကူညီဖြည့်ဆည်းပေးလိုသဖြင့် လုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်များကို လှူဒါန်း၍ အခမဲ့ဆောင်ရွက်ပေးရန် တင်ပြဆောင်ရွက်ခြင်းဖြစ်ပါကြောင်းနှင့် ကရင်ပြည်နယ်အတွင်း အဖွဲ့(၇)ဖွဲ့ခွဲ၍ နေရာအနှံ့ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် စုပေါင်းရုံးခန်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် သတင်းမီဒီယာအဖွဲ့ ၁၃ ဖွဲ့နှင့် တွေ့ဆုံရာ ဝန်ကြီးဌာန၏ မိုးပွင့်စီမံချက်များနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များ၊ NRC အဖွဲ့မှ ပူးပေါင်းကူညီမည့် အခြေအနေများ၊ ကေအင်န်ယူ အဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆက်လက်ဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့်ပတ်သက်၍ မေးမြန်းကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ကရင်ပြည်နယ်အတွင်း ဆောင်ရွက်မည့် မိုးပွင့်စီမံချက်များတွင် One Stop Service ဖြင့် အသုံးပြုဆောင်ရွက်နိုင်ရေးအတွက် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ ဓာတ်ပုံကူးစက်၊ မိတ္တူကူးစက်၊ သွေးစစ်ကိရိယာ၊ ပလတ်စတစ်လောင်းစက်၊ အသေးစားမီးစက်နှင့် ရုံးသုံးစာရေးကိရိယာများကို NRC မှ Country Director, Mr. Christopher Bleers က ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံသည်။

ဆက်လက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်နယ်ဦးစီးဌာနမှူး ဦးသောင်းဇော်က ပြည်သူတစ်ဦးချင်းထံ ပေးအပ်ပြီး ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက ကေအင်န်ယူ တပ်ဖွဲ့ဝင်များအတွက် လက်ဆောင်ပစ္စည်းများကို ကေအင်န်ယူအဖွဲ့မှ ဒုတိယဗိုလ်မှူးကြီးဖောဒိုထံ ပေးအပ်သည်။

ယင်းနောက် ဒေသခံတိုင်းရင်းသားများက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်နေရာတည်း၌ One Stop Service ဖြင့် အခမဲ့ဆောင်ရွက်ပေးခြင်းအတွက် နိုင်ငံတော်အစိုးရနှင့် ကူညီပံ့ပိုးပေးသည့်အဖွဲ့အစည်းများအပေါ် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်း ပြောကြားကြပြီးနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဇွန် ၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိပြီး ယခုကဲ့သို့ ကရင်ပြည်နယ်အတွင်း One Stop Service ဖြင့် အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးမှုကြောင့် ပြည်သူများအနေဖြင့် နိုင်ငံတော်အပေါ် အထူးကျေးဇူးတင်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှင်းလင်းပြောကြား

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံရေးနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးဌေးမြင့်အား ဧည့်အဖွဲ့များ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၃

ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံရေးနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးဌေးမြင့်အား Mr. Hans Vriens (Managing Partner Vriens and Partners) ဦးဆောင်သည့် EABA (Europe ASEAN Business Alliance) အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် ပြည်သူ့လွှတ်တော်ကော်မတီအဆောင် အမှတ် I_1 ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း နှင့် လျှပ်စစ် လုပ်ငန်းများတွင် ရေရှည်ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အလားတူ ကော်မတီဥက္ကဋ္ဌ ဦးဌေးမြင့်အား British Petroleum (BP) Company Group Societal Issues Advisor, Mr. Anton Mifsud-Bonnici သည် မွန်းလွဲ ၁ နာရီတွင် လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၌ စွမ်းအင်နှင့်ပတ်သက်သည့်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်နိုင်ရန် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

CESR လုပ်ငန်းအတွက် စီမံခန့်ခွဲမည့် အစီအစဉ်များနှင့် ကဏ္ဍအလိုက် စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာငွေကျခံရေးလုပ်ငန်းများ ဆွေးနွေး

နေပြည်တော် ဇွန် ၁၃

Consultation Meeting for Implementation of Comprehensive Education Sector Review-CESR ဒုတိယနေ့အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ဆက်လက်ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေ တက်ရောက်အမှာစကားပြောကြားရာ၌ ယနေ့ အစည်းအဝေးတွင် CESR လုပ်ငန်းအတွက် စီမံခန့်ခွဲမည့် အစီအစဉ်များကို ဆွေးနွေးညှိနှိုင်းကြရန်၊ ကဏ္ဍအလိုက် စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာငွေကျခံရေးလုပ်ငန်းများကို အကျေအလည် ဆွေးနွေးကြရန်မှာကြားသည်။

ထို့နောက် Management System for CESR Implementation အစီအစဉ်ကို ဆက်လက်ကျင်းပရာ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး CESR ဦးဆောင်လမ်းညွှန်မှုပေးရေးကော်မတီအတွင်းရေးမှူး ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းတွင် ဆောင်ရွက်မည့် စီမံခန့်ခွဲမှုလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် Key Stakeholder's Expression for Support in CESR Process အစီအစဉ်တွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်ခင်မျိုးမြင့်ကြူက ဆောင်ရွက်ပြီး Aus AID မှ Education Advisor Mr. David Coleman က Support for the CESR Process လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ Finalization of TOR of CESR အစီအစဉ်တွင် MDEF မှ International Consultant,Ms. Amanda Seel နှင့် အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ယူနီဆက်ရုံးမှ Regional Education Advisor, Dr. Cliff Meyers တို့က ဦးဆောင်ဆွေးနွေးကြပြီး Next Step For Implementation of the CESR Process အစီအစဉ်တွင် Dr. Cliff Meyers က ဦးဆောင်၍ ဆွေးနွေးညှိနှိုင်းကြသည်။

ထို့နောက် မြန်မာယူနီဆက် ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha နှင့် ဒုတိယဝန်ကြီးတို့က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်-မန္တလေး အမြန်လမ်းမပေါ်၌ ကျွန်းသစ်များ ဖမ်းဆီးရမိမှုနှင့် ကားဂျိုက်ဖြင့် ပစ်ပေါက်မှုကြောင့် မှန်လုံယာဉ်တစ်စီး ရှေ့လေကာမှန် ထိမှန်အက်ကွဲမှုဖြစ်ပွား

နေပြည်တော် ဇွန် ၁၃

ရန်ကုန်-မန္တလေး အမြန်လမ်းမပေါ်၌ ဇွန် ၁၂ ရက်က ကျွန်းသစ်များ ဖမ်းဆီးရမိမှုနှင့် ကားဂျိုက်ဖြင့်ပစ်ပေါက်မှုကြောင့် မှန်လုံယာဉ်တစ်စီး ရှေ့လေကာမှန် ထိမှန်အက်ကွဲခဲ့သည့် ဖြစ်စဉ်များဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းသစ်တောဦးစီးဌာနမှ တောအုပ်ကြီးနှင့်အဖွဲ့၏ အကူအညီတောင်းခံမှုအရ ရန်ကုန်-မန္တလေးအမြန်လမ်းရှိ ကျန်ချောင်းတံတားရဲကင်းမှ ရဲကင်းမှူးနှင့်အဖွဲ့သည် မန္တလေးမှ ရန်ကုန်သို့ ထွက်ခွာလာသည့် "ရွှေရတနာ" မှန်လုံခရီးသည်တင်ယာဉ်အား ယင်းနေ့ည ၁၀ နာရီခန့်က မိုင်တိုင်အမှတ်(၇၆/၀)၌ ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါ အမျိုးသားသုံးဦးမှာ ဆင်းလာပြီး ယာဉ်ပေါ်တွင် မည်သည့်အရာမျှမပါကြောင်း ပြောကြားခဲ့ကြောင်း၊ ထိုအချိန်တွင် စူပါကာစတန်ယာဉ်တစ်စီး မှန်လုံယာဉ်ရှေ့၌ ရပ်တန့်ရာ ၎င်းတို့သုံးဦးမှာ စူပါကာစတန်ယာဉ်ပေါ်သို့ တက်သွားပြီး ရန်ကုန်ဘက်သို့မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း၊ မှန်လုံယာဉ်ပေါ်သို့ တက်ရောက်စစ်ဆေးရာ မှန်လုံယာဉ်ပေါ်နှင့် ယာဉ်၏ဝမ်းဗိုက်အတွင်း၌ ကျွန်းသစ်ခွဲသားများ တွေ့ရှိရသဖြင့် ၎င်းယာဉ်အား မြို့ချောင်းသစ်တောရုံး၌ ထိန်းသိမ်းထားကြောင်း။

ထို့ပြင် ယင်းနေ့ည ၁၀ နာရီခွဲခန့်တွင် ရန်ကုန်မှ မန္တလေးသို့မောင်းနှင်လာသည့် "GI- Group" မှန်လုံယာဉ်မှ ယာဉ်နောက်လိုက်က မိုင်တိုင် (၇၆/၀) အနီးရှိ ကျန်ချောင်းတံတားပေါ်၌ လမ်းပိတ်ရပ်ထားသော ပါဂျဲရိုးအနက်ရောင်ယာဉ်အား လမ်းဖယ်ခိုင်းသဖြင့် ပါဂျဲရိုးယာဉ်ပေါ်ပါ အမျိုးသားတစ်ဦးက ကားဂျိုက်ဖြင့် ပစ်ပေါက်ခဲ့ရာ မှန်လုံယာဉ်၏ ရှေ့လေကာမှန်ဘယ်ဘက်ခြမ်း ထိမှန်အက်ကွဲခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ဘိုင်းဒါးရဲကင်းမှူးနှင့်အဖွဲ့က အခင်းဖြစ်ပွားသည့် တံတားပေါ်သို့ သွားရောက်စစ်ဆေးခဲ့ကြောင်း၊ စုံစမ်းဖော်ထုတ်ချက်များအရ "ရွှေရတနာ" မှန်လုံယာဉ်ပေါ်မှ ကျွန်းသစ်များ၏ ပိုင်ရှင်မှာ ပါဂျဲရိုးယာဉ်ပေါ်တွင် ပါရှိသည့် သန်းထွန်းဦး(ဘ) ဦးမောင်တင် ကျောက်တံခါးမြို့နယ်နေသူ ဖြစ်ကြောင်းနှင့် ကားဂျိုက်ဖြင့် ပစ်ပေါက်ခဲ့သူမှာ ၎င်း၏သားဖြစ်သူ မင်းသူရဖြစ်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်များနှင့် ပတ်သက်၍ တရားခံများဖမ်းဆီးရမိရေး ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်ကုန်းမြို့ စက်သုံးဆီဆိုင် မီးဘေးလုံခြုံရေးစစ်ဆေး

နေပြည်တော် ဇွန် ၁၃

နေပြည်တော် မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းကျော်ကျော်သည် ယနေ့နံနက် ၁၀ နာရီတွင် တပ်ကုန်းမြို့အဝင်ရှိ Green Luck Trading Co., Ltd. စက်သုံးဆီအရောင်းဆိုင်သို့ သွားရောက်စစ်ဆေးပြီး မီးငြိမ်းသတ်ရေးကိရိယာများ သတ်မှတ်ချက်နှင့်အညီ စနစ်တကျထားရှိရေး၊ မီးငြိမ်းသတ်ရေးလေ့ကျင့်မှုများ အမြဲမပြတ်ပြုပြင်ရေး၊ ရေရရှိရေးနှင့် တည်ငြိမ်လျှပ်စစ် (Static Electricity) ကြောင့် မီးလောင်မှုများ မဖြစ်ပွားစေရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုလဲသွယ်စပ်မျိုးစပါး အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်ခဲ့ကြသော တောင်သူလယ်သမားများအား ပြည်ထောင်စုဝန်ကြီးများ တွေ့ဆုံအားပေး
တစ်ရက် တန် ၅၀ ကျ အဆင့်မြင့်ဆန်စက် စမ်းသပ်လည်ပတ်မှုနှင့် စပ်မျိုးစပါး မျိုးစေ့ထုတ်သုတေသနစိုက်ခင်းများ ကြည့်ရှု

နေပြည်တော် ဇွန် ၁၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်တို့သည် ဇမ္ဗူသီရိမြို့နယ် အဆင့်မြင့်လယ်ယာမြေ ၂၈၈ ဧက စိုက်ကွင်း၌ ပုလဲသွယ်စပ်မျိုးစပါး အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်ခဲ့ကြသော တောင်သူလယ်သမားများအား စိုက်ကွင်းအနီး ရှင်းလင်းဆောင်၌ ယနေ့ တွေ့ဆုံ အမှာစကားပြောကြားကြသည်။(အောက်ပုံ)

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များအား တောင်သူလယ်သမားများ လက်ဝယ်အရောက် ထုတ်လုပ်ဖြန့်ဖြူးပေးရန် တာဝန်၊ စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများ၏ အရည်အသွေးနှင့် အထွက်နှုန်း တိုးတက်ရေးအတွက် တောင်သူများ သိပ္ပံနည်းကျ စိုက်နည်းစနစ်များကို လေ့ကျင့်ပေးရန်နှင့် သင်ကြားပေးရန် တာဝန်၊ ဈေးကွက်ဝင် သီးနှံများ ထုတ်လုပ်ရန်နှင့် ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းစနစ်များ ဖော်ထုတ်ရရှိရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးရေးတာဝန်တို့ကို နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့် အညီ ဓာတ်ခွဲခန်းမှ လယ်ကွင်းထဲအရောက် ပို့ဆောင်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

တောင်သူလယ်သမားများအား ဆန်စပါးသီးနှံများမှ အကျိုးအမြတ် ဝင်ငွေ တိုးတက်ရရှိရေး၊ ဈေးကွက်နှင့် ဈေးနှုန်းကောင်းရရှိရေးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အပါအဝင် ဆန်စပါး စိုက်ပျိုးထုတ်လုပ်သော လုပ်ငန်းရှင်၊ ကုန်သည်များနှင့်လည်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက် ရှိကြောင်း။

နိုင်ငံတကာ ဈေးကွက်ဝင်မည့် အရည်အသွေးကောင်း ဆန်ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် အခြေခံသော့ချက်ဖြစ်သည့် ခေတ်မီဆန်စက်များ မဖြစ်မနေထူထောင်ပြီး အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း ဆန်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

တောင်သူလယ်သမားများအပိုင်းမှ မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များကို ပြောင်းလဲအသုံးပြုပြီး ဈေးကွက်ခိုင်မာအောင် ဆောင်ရွက်ပေးနေသည့် ဆန်စပါး အထူးပြုကုမ္ပဏီများနှင့် အပြန်အလှန် ယုံကြည်မှု ရှိစွာဖြင့် ညှိနှိုင်းသတ်မှတ်ပေးထားသော ဆန်အမျိုးအစားအား အစိုဓာတ်အပါအဝင် ကတိကဝတ်အတိုင်း သတ်မှတ်အရည်အသွေးကို ပြည့်မီစွာ ပေးသွင်းဆောင်ရွက်သွားကြရန်မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်စေရေးနှင့် နိုင်ငံတကာ ဈေးကွက်ရရှိစေရန် ပြည်တွင်း၊ ပြည်ပ ဈေးကွက်ရှာဖွေ ဖော်ထုတ်ပေးလျက်ရှိကြောင်း။

ဈေးကွက် သေချာခိုင်မာစေရန် အဓိကသော့ချက် လိုအပ်ချက်ဖြစ်သည့် ခေတ်မီအဆင့်မြင့် ဆန်စက်ကြီးများ တည်ဆောက်အသုံးပြုနိုင်ရေး အားပေးကူညီလျက်ရှိကြောင်း၊ နိုင်ငံတော်၏ စေတနာကို သိရှိစွာဖြင့် တောင်သူများ၏ အပိုင်းမှလည်း တိုးတက်ကြီးပွားလိုသော စိတ်ဓာတ်ကိုအခြေခံပြီး သားစဉ်မြေးဆက်အကျိုးရှိအောင်၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ပညာရှင်များနှင့်အတူ အားထုတ်ကြိုးပမ်းပါဝင်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဧရာဟသ်ာကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်ဝင်းရှိန်က ကြိုတင်ငွေ တစ်ဧက ငွေကျပ် နှစ်သိန်း ပေးထားသော ပုလဲသွယ်စပါးများကို တင်း ၁၀၀ လျှင် ငွေကျပ်လေးသိန်းနှုန်းဖြင့် အပြည့်အဝ ပေးချေဝယ်ယူမည့် အစီအစဉ်၊ လာမည့်မိုးစပါးရာသီတွင် ဆက်လက် အကောင်အထည်ဖော်ဝယ်ယူမည့် အစီအစဉ်များကို လည်းကောင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်း အတွင်းရေးမှူး ဦးရဲမင်းအောင်က တစ်ရက် တန် ၂၄၀ ကျ ခေတ်မီဆန်စက်ရုံ တည်ဆောက်အကောင်အထည်ဖော်မှု အခြေအနေနှင့် တောင်သူလယ်သမားတို့မှ ထွက်ရှိလာသော စပါးများအပေါ် အရည်အသွေးပိုင်း ဂရုပြုရန်ကို လည်းကောင်း တင်ပြကြသည်။

ဆက်လက်၍ အလျှင်လိုကျေးရွာအနီးရှိ တစ်နေ့ တန် ၅၀ ကျ ဆန်ကြိတ်ခွဲစက်နှင့် စပါးများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့်အဖွဲ့သည် ကျားကူးအနောက်ရွာရှိ သက်တမ်း ၁၂၀ ရက် မျိုးစပါး မျိုးကွဲ ၂၁ မျိုးအား သုတေသနဆောင်ရွက်ထားရှိမှုနှင့် ရိတ်သိမ်းရန် ပြင်ဆင်နေမှုများကို စိုက်ပျိုးရေး သုတေသန၊ စိုက်ပျိုးရေးတက္ကသိုလ်တို့မှ ပညာရှင်များနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်၌ ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်ပညာရှင်များ၊ စိုက်ပျိုးရေး ဦးစီးဌာန၊ စိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးရေး သုတေသနတို့မှ ပညာရှင်များသည် သုတေသနလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှုနှင့် ရေရှည်တိုးချဲ့ဆောင်ရွက်နေမှုအခြေအနေများကို ညှိနှိုင်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ရေရှည်တည်တံ့ခိုင်မြဲသော လယ်ယာကဏ္ဍအတွက် ပညာရှင်များ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးကြောင်း၊ ပညာရှင်များကိုယ်တိုင် ကွင်းဆင်း၍ ပိုမိုတိုးတက်သော မျိုးစေ့နှင့် စိုက်ပျိုးနည်းစနစ်များ ဖြန့်ဖြူးပေးရမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများ၏ လိုအပ်ချက်များကို ကွင်းဆင်းလေ့လာပြီး လယ်သမားများအတွက် လယ်သမားထံသို့ နည်းလမ်းဖြင့်ရှာဖွေ ဖြည့်ဆည်းပေးရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးမောင်မြင့်အား ကာဇက်စတန် ဒုတိယနိုင်ငံခြားရေးဝန်ကြီးတွေ့ဆုံ

နေပြည်တော် ဇွန် ၁၃

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်အား ကာဇက်စတန်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကာရတ် ဆာရီဘေ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၄ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စများကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးသန်းထွန်း သမဝါယမဆိုင်ရာ လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၃

သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းသည် ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးများ ပါဝင်သော အဖွဲ့ လေးဖွဲ့နှင့်အတူ ဇွန် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၊ သာပေါင်းမြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်နှင့် ရေကြည်မြို့နယ်များမှ ရပ်ကွက်သုံးရပ်ကွက်နှင့် ကျေးရွာပေါင်း ၁၄ ရွာသို့ အဖွဲ့ခွဲကွင်းဆင်း၍ ယင်းရပ်ကွက်၊ ကျေးရွာများအတွက် စိုက်ပျိုးမွေးမြူရေးနှင့် ငွေစုငွေချေးသမဝါယမအသင်း လေးသင်း၊ လယ်ယာကုန်ထုတ်နှင့် လက်လုပ်လက်စား သမဝါယမအသင်း ကိုးသင်း၊ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း နှစ်သင်းနှင့် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်း တစ်သင်းတို့ကို ဖွဲ့စည်းပေးခဲ့သည်။

ဒုတိယဝန်ကြီးသည် ဇွန် ၁၂ ရက် နံနက် ၁၀ နာရီတွင် ပုသိမ်မြို့ ရွှေသောင်ယံမြို့နယ်ခွဲ သဘော့ကန် ကျေးရွာစာသင်ကျောင်း၌ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသော နှစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ ရိုးရိုးအောင် ခြောက်ဦးတို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး စာသင်ကျောင်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒေါ်မြင့်မြင့်အေးအား ရည်စူး၍ သီရိမာလာလမ်း(၇)မိုင်ခွဲ မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့နေ ဦးလှအောင်နှင့် သားသမီးမြေးတစ်စုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် သိန်း ၃၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်လက်ခံစဉ်။

(သတင်းစဉ်)

လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အတွင်းရေးမှူး ဦးတိုးအောင် ဓာတ်အားပေးစက်သုံးလုံးရောက်ရှိမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၃

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အတွင်းရေးမှူး ဦးတိုးအောင်သည် ယနေ့ နံနက် ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ကမ်းနားလမ်းရှိ အေးရှားဝေါလ်ဆိပ်ကမ်းသို့ စင်ကာပူသမ္မတနိုင်ငံမှ သင်္ဘောဖြင့် ဓာတ်အားပေးစက် သုံးလုံး ရောက်ရှိလာမှု အခြေအနေနှင့် အဆိုပါ ဓာတ်အားပေးစက်များအား သင်္ဘောပေါ်မှ မော်တော်ယာဉ်များပေါ်သို့ စက်ယန္တရားများဖြင့် တင်ဆောင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဓာတ်အားပေးစက်သုံးလုံးသည် Zeya & Associates Co., Ltd. မှ တင်သွင်းသည့် ဂျပန်နိုင်ငံမှ ထုတ်လုပ်သော Mitsubishi အမျိုးအစား (1.1)MVA ဓာတ်အားပေးစက်များဖြစ်ပြီး မေ ၁၂ ရက် ညနေပိုင်းတွင် KOTA TABAH သင်္ဘောဖြင့် အေးရှားဝေါလ်ဆိပ်ကမ်းသို့ ရောက်ရှိ၍ ယနေ့ နံနက်ပိုင်းတွင် ရေယာဉ်ပေါ်မှ စက်ယန္တရားများဖြင့် မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ကာ မန္တလေးတိုင်းဒေသကြီးသို့ ဆက်လက်ပို့ဆောင်မည်ဖြစ်သည်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလျော့နည်းချိန်တွင် ဓာတ်အားပြတ်တောက်မှုများသည့် နေရာများ၌ အများပြည်သူအသုံးပြုနိုင်ရန် လက်ရှိဖြည့်တင်းလည်ပတ်နေသော ဓာတ်အားပေးစက်များအပြင် ထပ်မံမှာယူတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

ပြည်ထောင်စုဝန်ကြီး ဦး

နေပြည်တော် ဇွန် ၁၃

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ CEW Media Group ဥက္ကဋ္ဌ Ms. Zoe Zuo ဦးဆောင်သော အဖွဲ့သည် ဇွန် ၁၂ ရက် ညနေပိုင်းတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် CEW Media Group က ဦးဆောင်၍ စွမ်းအင်ဆိုင်ရာပြပွဲကြီးကို နိုင်ငံတကာအဆင့်မီပြသရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် စွမ်းအင်ဝန်ကြီးဌာနမှ လိုအပ်သည်များ ပံ့ပိုးကူညီပေးရန် တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက

ထီးတန်းဆိပ်ခံတံတား(ပထမအဆင့်) ဖွင့်လှစ်ပွဲအ

ရန်ကုန် ဇွန် ၁၃

မြန်မာစီးပွားရေးကော်ပိုရေးရှင်းနှင့် ရွှေနာဝါကုမ္ပဏီလီမိတက်တို့ B.O.T စနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် ထီးတန်းဆိပ်ခံတံတား (ပထမအဆင့်) ဖွင့်လှစ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ထီးတန်းဆိပ်ကမ်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦး၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာလီကျွင်းဟွာနှင့် ရွှေနာဝါကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက နိုင်ငံတော်ကြီးကို အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၌ ပိုမိုရင်းနှီးမြှုပ်နှံ

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြော

နေပြည်တော် ဇွန် ၁၃

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးစီမံချက်အရ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲမှ ၁၁ နာရီအထိ နေပြည်တော် ပျဉ်းမနားမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ညိုနှင့် ဆရာ ဆရာမ ငါးဦး၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၆၅ ဦး တက်ရောက်ကြသည်။

ဟောပြောပွဲတွင် နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့ ယာဉ်မှုသေးစစ်ဌာနစုမှူး ရဲအုပ်ဝင်းမြင့်က မော်တော်ယာဉ်မောင်းနှင်သူများ၊ ခြေကျင်လျှောက်သူများနှင့် အနေးယာဉ်များ လိုက်နာရန် စည်းကမ်းချက်များ၊ ယာဉ်မတော်တဆမှု ဖြစ်ပွားရခြင်း၏ အကြောင်းအရင်းများ၊ ယာဉ်တိုက်မှုဖြစ်စဉ်များ၊ ဒဏ်ရာရ/သေဆုံးမှု အခြေအနေများကို ပရိုဂျက်တာ ပါဝါပွိုင့်ဖြင့် ဟောပြောပို့ချပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိသင့်သိထိုက်သည့်အချက်များကို ကျောင်းသား ကျောင်းသူများနှင့် အပြန်အလှန်မေးမြန်းဖြေကြားခြင်းများ ပြုလုပ်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းပါ

ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ဧည့်အဖွဲ့များ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၃

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ CEW Media Group ဥက္ကဋ္ဌ Ms. Zoe Zuo ဦးဆောင်သောအဖွဲ့သည် ဇွန် ၁၂ ရက် ညနေပိုင်းတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် CEW Media Group က ဦးဆောင်၍ စွမ်းအင်ဆိုင်ရာပြပွဲကြီးကို နိုင်ငံတကာအဆင့်မီပြသရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် စွမ်းအင်ဝန်ကြီးဌာနမှ လိုအပ်သည်များ ပံ့ပိုးကူညီပေးရန် တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတကာမှ မြန်မာနိုင်ငံအတွင်း စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု အသစ်များ ဆွဲဆောင်စည်းရုံး လုပ်ကိုင်နိုင်ရန်အတွက် ရည်ရွယ်ချက်ကောင်းဖြင့် လာရောက်ပူးပေါင်းလုပ်ကိုင်လိုမှုအား ကြိုဆိုပါကြောင်း၊ လိုအပ်သည့် ပံ့ပိုးမှုများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဗြိတိန်နိုင်ငံ BG Group Vice President Mr. Jim Seaton ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံကာ ကုမ္ပဏီမှသိရှိလိုသည့် မြန်မာ့ကမ်းလွန်ရှိ ရေနံလုပ်ကွက်များတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်မည့် အခြေအနေများနှင့် စွမ်းအင်ဆိုင်ရာ မူဝါဒများကို ဆွေးနွေးညှိနှိုင်းကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဂျပန်နိုင်ငံ Sojitz ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် Mr. Takashi Ikeda ဦးဆောင်သော အဖွဲ့အား လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ Downstream ပိုင်း၌ ဝင်ရောက်လုပ်ကိုင်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နေသော နိုင်ငံတကာကုမ္ပဏီများ၏ ရှာဖွေရေးကာလပြီးနောက် ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်ယူသုံးစွဲနိုင်မည့် အခြေအနေများနှင့် သန့်လျင်ရေနံချက်စက်ရုံတွင် စွမ်းအင်ဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို မေးမြန်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လာရောက်တွေ့ဆုံ

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ဗြိတိန်နိုင်ငံ BG Group Vice President Mr. Jim Seatonနှင့် အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

၂၀၁၂ ခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့

ဇွန်လ (၁၄)ရက်နေ့

World Blood Donor Day 2012

14 June

"မြင့်မြတ်ဖြူစင်သွေးလှူရှင်"

ကျန်းမာရေးဝန်ကြီးဌာန

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၄-၆-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	ပရိတ်တရားတော်		"နှလုံးသားမှချစ်ပန်းချီ" (အပိုင်း-၁၂)
၈း၄၀	International News	၇း၀၀	**နိုင်ငံခြားဇာတ်လမ်းတွဲ "ဆ-ဆရာရှိသေပါ" (အပိုင်း-၁၃)**
ညပိုင်း			
၄း၃၅	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (သမိုင်းအထူးပြု) (ပထဝီဝင်)	၈း၀၀	ပြည်တွင်းသတင်း **-နိုင်ငံခြားဇာတ်လမ်းတွဲ "ရင်ဆိုင်မယ့်နေ့ရက်များ" (အပိုင်း-၁၃)**
၄း၅၅	"နတ်လူသာခုခေါ်စေသော်"		**-နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး"(အပိုင်း-၆၄)**
၅း၂၀	"ကမ္ဘာ့သွေးလှူရှင်များနေ့"		
၆း၂၀	ပျော်ရွှင်စေသော နေ့ရက်များ		

ဆီွဒင်နိုင်ငံ သောဠသမပြောက် ဘုရင်မင်းမြတ်ထံ သံအမတ်ကြီး ဦးကျော်မျိုးထွင့်က ၎င်း၏ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၁၄

ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်မျိုးထွင့်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၂ ခုနှစ် ဇွန် ၄ ရက်တွင် စတော့ဟုမ်းမြို့၌ ဆွီဒင်နိုင်ငံ သောဠသမပြောက် ကား(လ်)ဂူစတပ်(ဖ်) ဘုရင်မင်းမြတ်ထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နော်ဝေးနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးအဖြစ် သံအမတ်ကြီး ဦးကျော်မျိုးထွင့်အား ပူးတွဲခန့်အပ်

နေပြည်တော် ဇွန် ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်မျိုးထွင့်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် နော်ဝေးနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

...တံတား(ပထမအဆင့်) ဖွင့်လှစ်ပွဲအခမ်းအနား ကျင်းပ

ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက နိုင်ငံတော်ကြီးကို အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၌ ပိုမိုရင်းနှီးမြှုပ်နှံလာနိုင်ရန် ဆောင်ရွက်နေသကဲ့သို့ တစ်ဖက်တွင်လည်း နိုင်ငံတကာမှ စီးပွားရေးအဖွဲ့အစည်းများ ရင်းနှီးမြှုပ်နှံနိုင်ရန် ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိသဖြင့် နိုင်ငံတော်အနေဖြင့် စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်ပ ပို့ကုန်သွင်းကုန်များအတွက်လည်း နိုင်ငံတကာ ခေတ်မီဆိပ်ကမ်းကြီးများ လိုအပ်လာမည်ဖြစ်ကြောင်း၊ ရန်ကုန် ဆိပ်ကမ်း၌ ဆိပ်ခံတံတားကြီးတစ်ခု တိုးလာသည့်အတွက် နိုင်ငံတော်အတွက် လည်းကောင်း၊ ပုဂ္ဂလိက လုပ်ငန်းရှင်များအတွက် လည်းကောင်း ပို့ကုန်၊ သွင်းကုန် လုပ်ငန်းများတွင် ပိုမိုထိရောက်လျင်မြန်စွာ ဆိပ်ကမ်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်မည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ စစ်ထောက်ချုပ်ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်က အမှာစကားပြောကြားသည်။

ထို့နောက် ရွှေနာဂါကုမ္ပဏီလီမိတက်ဥက္ကဋ္ဌက စီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ကုန်သေတ္တာ တင်/ချခြင်းလုပ်ငန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ဖွင့်လှစ်သည့် ထီးတန်းဆိပ်ခံတံတား၏အရှည်မှာ ပေ ၁၄၄၀ ရှိပြီး နိုင်ငံတကာအဆင့်မီ ဆိပ်ကမ်းကြီးများကဲ့သို့ ကုန်တင်/ကုန်ချ ကိုင်တွယ်ဆောင်ရွက်နိုင်ရန် (40)Ton Rail Type ကရိန်းယာဉ်နှစ်စီး အပါအဝင် Gantry Crane များ၊ Rubber Tyre Gantry Crane များနှင့် အခြားဆိပ်ကမ်းအထောက်အကူပြုစက်ယာဉ်၊ ယန္တရားများ၊ အဆောက်အအုံများကိုပါ ထည့်သွင်းတည်ဆောက်တပ်ဆင်ထားသည်။

ရန်ကုန်ဆိပ်ကမ်းတွင် ယခုလက်ရှိ ဆိပ်ခံတံတား ၂၃ စင်းရှိပြီး ယနေ့ဖွင့်လှစ်သည့် ဆိပ်ခံ တံတားနှင့်ပါဆိုလျှင် ၂၄ စင်းရှိပြီဖြစ်သည့်အတွက် နိုင်ငံတကာပင်လယ်ကူးသင်္ဘော ၂၄ စင်း တစ်ပြိုင်နက် ဆိုက်ကပ် ကုန်တင်/ကုန်ချနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ကုန်သေတ္တာ တင်/ချခြင်းလုပ်ငန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ပင်းတယ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၃

ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေး စီမံချက်အရ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီတွင် ပင်းတယမြို့နယ် ပွေးလှစံပြကျေးရွာ အထကကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ပွေးလှကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က အဖွင့်အမှာစကားပြောကြားပြီး စခန်းမှူး ရဲအုပ်ဝင်းနိုင်က ယာဉ်မတော်တဆ ဖြစ်ပွားရခြင်းအကြောင်းရင်းနှင့် ယာဉ်မတော်တဆဖြစ်စဉ် အကြောင်းကိုလည်းကောင်း၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ခေါင်းဆောင် ရဲတပ်ကြပ်ထွန်းဝင်းဇော်က မော်တော်ဆိုင်ကယ်စီးသူများ လိုက်နာရမည့်အချက်များကို လည်းကောင်း သရုပ်ပြရှင်းလင်းဟောပြောခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)

...ည်းကမ်း အသိပညာပေး ဟောပြော

လိုက်နာရန် စည်းကမ်းချက်များ၊ ယာဉ်မတော်တဆမှု ဖြစ်ပွားရခြင်း၏ အကြောင်းအရင်းများ၊ ယာဉ်တိုက်မှုဖြစ်စဉ်များ၊ ဒဏ်ရာရ/သေဆုံးမှု အခြေအနေများကို ပရိုဂျက်တာပါဝါပွိုင့်ဖြင့် ဟောပြောပို့ချပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိသင့်သိထိုက်သည့်အချက်များကို ကျောင်းသား ကျောင်းသူများနှင့် အပြန်အလှန်မေးမြန်းဖြေကြားခြင်းများ ပြုလုပ်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းပါ

ဘုရင့်နောင်ခုံးကျော်တံတားနှစ်စင်း တစ်နှစ်အတွင်း တည်ဆောက်မည်

သတင်းနှင့် ဓာတ်ပုံ - စောသိန်းဝင်း

ရန်ကုန် ဇွန် ၁၃

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ ကြီးကြပ်၍ First Myanmar Construction Co.,LTD နှင့် TPC Prestressed Concrete (THAILAND) Co.,LTD တို့က အကောင်အထည်ဖော်မည့် ဘုရင့်နောင်လမ်းဆုံ ခုံးကျော်တံတားကို တစ်နှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဟု သိရသည်။

ဘုရင်နောင်လမ်းအတိုင်း တောင်မှ မြောက်သို့ ခုံးကျော်တံတားအရှည်မှာ ၁၄၄၄ ပေရှိပြီး သမိုင်းဘူတာရုံလမ်းအတိုင်း အရှေ့မှ အနောက်သို့ တည်ဆောက်မည့် ခုံးကျော်တံတား အရှည်မှာ ၁၉၆၉ ပေ ရှိကာ နှစ်ထပ်ခုံးကျော်တံတားဖြစ်သည်။

ဘုရင့်နောင်လမ်းအတိုင်း တည်ဆောက်မည့် ခုံးကျော်တံတားမှာ အသွားနှစ်လမ်းနှင့် အပြန်နှစ်လမ်း လေးလမ်းသွားဖြစ်ပြီး သမိုင်းဘူတာရုံလမ်းအတိုင်း တည်ဆောက်မည့် ခုံးကျော်တံတားတွင် အသွားတစ်လမ်းနှင့် အပြန်တစ်လမ်း၊နှစ်လမ်းသွားထားရှိမည်ဖြစ်ကာ ကြိုတင်အားဖြည့်ကွန်ကရစ် (RC Concrete) တံတားများဖြစ်သည်။

စီမံကိန်းဧရိယာအတွင်း မြေပြင်ပေါ်ရှိ ဘုရင့်နောင်လမ်းမကြီးအား ရှစ်လမ်းသွားအဖြစ်တိုးချဲ့ ဆောင်ရွက်သွားမည်ဖြစ်ပြီး ဘုရင့်နောင်တံတားမှ လမ်းဆုံအထိ သမိုင်းဘူတာရုံလမ်း အနောက်ဘက်အပိုင်းအား ခြောက်လမ်းသွားနှင့် လမ်းဆုံမှအရှေ့ဘက် သမိုင်းဘူတာရုံလမ်းအပိုင်းအား လေးလမ်းသွားအဖြစ် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဘုရင့်နောင်လမ်းအတိုင်း တည်ဆောက်မည့် ခုံးကျော်တံတားသည် ကွန်တိန်နာယာဉ်ကြီးများ၊ သစ်လုံးတင်ယာဉ်ကြီးများနှင့် ကုန်တင်ယာဉ်ကြီးများ အဓိကသွားရာလမ်းဖြစ်သဖြင့် ခံနိုင်ဝန် ၇၅ တန် ဖြစ်၍ သမိုင်းဘူတာရုံလမ်းအတိုင်း တည်ဆောက်မည့် ခုံးကျော်တံတား၏ ခံနိုင်ဝန်တန်သည် တန် ၆၀ ရှိမည်ဖြစ်ကြောင်းနှင့် အဆိုပါ ခုံးကျော်တံတားနှစ်စင်းအား ၎င်းဇန်ခံနိုင်ရန် ပုံစံရေးဆွဲထားကြောင်း သိရသည်။

ပုံစံငယ်

ဘုရင့်နောင်လမ်းဆုံ ခုံးကျော်တံတားနှစ်စင်း ပုံစံငယ်ကို တွေ့ရစဉ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ကနေဒါနိုင်ငံအခြေစိုက် Myanmar Access AG မှ President, Mr. Natan Jacobson နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

စက်မှုကုန်ကြမ်း သစ်တောစိုက်ခင်း တည်ထောင်ရေးနှင့် သစ်တောစက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ ဆွေးနွေး

နေပြည်တော် ဇွန် ၁၃

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား မလေးရှားနိုင်ငံ TEXCHEN RESOURCES BHD Chairman, Mr. Tan Sri Fumihiko Konishi နှင့် အဖွဲ့သည် ယမန်နေ့မွန်းလွဲ ၂ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး စက်မှုကုန်ကြမ်း သစ်တောစိုက်ခင်း တည်ထောင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုကိစ္စများကို ဆွေးနွေးကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးအား ကနေဒါနိုင်ငံအခြေစိုက် Myanmar Access AG မှ President, Mr. Natan Jacobson နှင့် အဖွဲ့သည် ညနေ ၃ နာရီတွင် လာရောက်တွေ့ဆုံပြီး သစ်တောစီမံခန့်ခွဲ အုပ်ချုပ်လုပ်ကိုင်ခြင်း၊ ပြုစုပျိုးထောင်ခြင်းနှင့် သစ်တောစက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။ (သတင်းစဉ်)

နိုင်ငံတကာအားကစားသတင်းများ

နိုင်လင်းကြည်

အင်္ဂလန်အသင်း ကစားပုံပြောင်းလဲရန် အခက်အခဲရှိမည်ဟု အင်္ဂလန်အသင်းနည်းပြ ရွှိုင်းဟော့ဂ်ဆန် ပြောကြား

ကီယက်ဗ် ဇွန် ၁၃

ယူရို ၂၀၁၂ ပြိုင်ပွဲဝင် အင်္ဂလန်အသင်း၏ ဒုတိယပွဲစဉ်ဖြစ်သည့် ဆွီဒင်အသင်းနှင့် ပွဲစဉ်ကို ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့ရှိ အိုလံပစ်အားကစားကွင်း၌ ဇွန် ၁၅ ရက်(သောကြာနေ့)တွင် ယှဉ်ပြိုင်မည်ဖြစ်ရာ အဆိုပါပွဲစဉ်တွင် အင်္ဂလန်အသင်း၏ ကစားကွက်ကို ပြောင်းလဲရန်မှာ အခက်အခဲရှိလာဖွယ်ရှိကြောင်း နည်းပြရွှိုင်းဟော့ဂ်ဆန်က ပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံ ဒိုးနက်စ်ခ်မြို့ရှိ Donbass Arena ကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် အုပ်စု(D)၏ အဖွင့်ပွဲစဉ်တွင် ပြင်သစ်အသင်းနှင့် တစ်ဂိုးစီ သရေကျခဲ့ပြီးနောက် အင်္ဂလန်အသင်း၏ အားထားရသည့် ကစားသမားများဟု ဆိုနိုင်သည့် စကော့ပါကာနှင့် စတီဗင်ဂျာရတ်တို့၏ တွဲဖက်ညီမှုကို ကြည့်ကာ ရွှိုင်းဟော့ဂ်ဆန်က သုံးသပ်ခဲ့ခြင်းလည်း ဖြစ်သည်။

အင်္ဂလန်ကစားသမားများ၏ သွက်လက်မှုကြောင့် ပြင်သစ်အသင်းနှင့် ပွဲစဉ်ကဲ့သို့ ဆွီဒင်အသင်းနှင့် ပွဲစဉ်တွင်လည်း အကောင်းဆုံးကစားနိုင်မည်ဟု ရွှိုင်းဟော့ဂ်ဆန်က ယုံကြည်ထားကြောင်း ဆိုသည်။

သို့သော် စကော့ပါကာနှင့် စတီဗင်ဂျာရတ်တို့သည် အသက်(၃၀) ကျော်လာပြီဖြစ်ပြီး ယူရို ၂၀၁၂ ပြိုင်ပွဲ မစတင်မီကပင် ဂါရတ်ဘယ်ရီမှာ ဝမ်းဗိုက်ဒဏ်ရာ ရရှိထားခြင်း၊ ဖရန့်လမ်းပတ်မှာ ပေါင်ဒဏ်ရာရရှိထားခြင်းနှင့် ဂျက်ခ်ဝီရှိုင်းယားမှာ ကာလကြာရှည်အနားယူရသည့် အခြေအနေများကြောင့် အင်္ဂလန်အသင်း၏ ကွင်းလယ်ကစားအားနည်းခဲ့ရကြောင်း၊ ထို့ပြင် အသက်(၃၁)နှစ် အရွယ်ရှိ စကော့ပါကာမှာလည်း ခြေချင်းဝတ်ဒဏ်ရာရရှိထားသောကြောင့် ဆွီဒင်အသင်းနှင့် ပွဲစဉ်တွင် အသင်း၏ ကစားကွက် ပြောင်းလဲကစားရန်မှာ အခက်တွေ့နိုင်ကြောင်း အင်္ဂလန်အသင်း နည်းပြ ရွှိုင်းဟော့ဂ်ဆန်ကဆိုသည်။

အင်တာနက်။

အိမ်ရှင်ပိုလန်အသင်း ရုရှားနှင့် တစ်မှတ်စီခွဲယူ

ကိုဇော်

ဝါဆော ဇွန် ၁၃

ယူရို ၂၀၁၂ အုပ်စု(အေ)၏ ဒုတိယပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ပိုလန်နိုင်ငံ နေရှင်နယ်စတေဒီယမ် အားကစားကွင်းကြီး၌ အိမ်ရှင်ပိုလန်အသင်းနှင့် ရုရှားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

ပိုလန်အသင်းတွင် တိုက်တန်၊ ဘိုးနစ်ချ်၊ ဝါဆီလီစကီး၊ ပါကစ်၊ ပစ်ချက်ခ်၊ ဒက်ကာ၊ ပိုလန်စကီး၊ အိုဘရန်နိတ်ခ်၊ ဘလက်ဇီကော့စကီး၊ လီဝန်ဒိုစကီးတို့ ပါဝင်ခဲ့ပြီး ရုရှားအသင်းတွင် မာလာဖီးဗ်၊ အန်နီယူကော့ဗ်၊ အီနာရှီဗစ်၊ ဇာကော့ဗ်၊ ဘာရီဇူစကိုင်း၊ ရှီရိုကော့ဗ်၊ ဒန်နီဆော့ဗ်၊ ဇိုင်ယန်နော့ဗ်၊ ဇာဂိုး၊ အာရှာဗင်၊ ကာဇာကော့ဗ်တို့ ပါဝင်ကစားခဲ့သည်။

ပထမပိုင်း ပွဲချိန် ၁၈ မိနစ်တွင် ပိုလန်အသင်းမှ ပိုလန်စကီး ဦးဆောင်ဂိုးသွင်းယူသော်လည်း လူကျွံဘောဖြစ်နေသဖြင့် ဂိုးမရှိခဲ့ပေ။ ပွဲချိန် ၂၃ မိနစ်တွင် အော်ဘရာနစ် ကန်တင်ပေးသော ဘောလုံးကို ဘလက်ကော့ဇ်စကီးနှင့် လီဝင်ဒေါစကီးတို့ သွင်းယူသော်လည်း ဂိုးလွဲချော်ခဲ့သည်။ ပွဲချိန် ၃၇ မိနစ်တွင် ရုရှားတို့ရရှိခဲ့သော ပြစ်ဒဏ်ဘောကို အာရှာဗင်ကန်တင်ပေးရာ ဒီဇာဂေါ့ဗ် ခေါင်းတိုက်သွင်းယူခဲ့သည်။ **(အပေါ်ယာပုံ)** နောက်ပိုင်းတွင် ပိုလန်က ချေပဂိုး ပြန်လည်ရရှိရေးအတွက် တိုက်စစ်

ကစားခဲ့ရာ ပွဲချိန် မိနစ် ၄၀ တွင် ဘလက်ကော့ဇ်စကီး၏ ကန်သွင်းချက်ကို ရုရှားဂိုးသမားကပုတ်ထုတ်ကာကွယ်ခဲ့ရသည်။

ဒုတိယပိုင်းတွင် ပိုလန်အသင်းသည် အုပ်စုတက်ရေးအတွက် ပိုမိုကြိုးစားတိုက်စစ်ဆင်ခဲ့ရာ ပွဲချိန် ၅၇ မိနစ်တွင် ပိုလန်အသင်းက ချေပဂိုးရရှိခဲ့သည်။ တန်ပြန်တိုက်စစ်မှတစ်ဆင့် ဘလက်ကော့ဇ်စကီး ဖန်တီးပေးသော ဘောလုံးကို အော်ဘရာနစ်က ဂိုးဧရိယာအပြင်ဘက်မှ ကန်သွင်းယူခဲ့သည်။ ပွဲချိန် ၆၈ မိနစ်တွင် အာရှာဗင်၏ကန်သွင်းမှု ဂိုးရလုနီးနီး ဖြစ်ခဲ့ပြီး ပိုလန်ဂိုးသမားကာကွယ်နိုင်ခဲ့သည်။ နောက်ပိုင်းတွင် မည်သူမှ ထပ်မံဂိုးသွင်းယူနိုင်ခြင်းမရှိတော့ဘဲ တစ်ဂိုးစီ သရေဖြင့် အဆုံးသတ်ခဲ့သည်။

ရုရှားအသင်းသည် ယခုအခါ အုပ်စု(အေ)တွင် ဦးဆောင်နေပြီး နောက်ဆုံးပွဲစဉ်အဖြစ် ဂရိအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ရာ သရေတစ်မှတ်ရရုံဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်မည်ဖြစ်သည်။ ဂရိအသင်းမှာမူ ချက်အသင်းကို ရှုံးနိမ့်ခဲ့သည့်အတွက် ကွာတားဖိုင်နယ်တက်ရေး မျှော်လင့်ချက် နည်းပါးသွားပြီဖြစ်သည်။

ယူရို ၂၀၁၂ အုပ်စုပတ်လည်ပွဲစဉ် အနိုင်/အရှုံး ရလဒ်

၁၃ - ၆ - ၂၀၁၂

အုပ်စု(B)	ဒိန်းမတ်	၂ - ၃	ပေါ်တူဂီ

စီးချင်ဦးဟဲ့ အထူးကား

ကိုယ်တွေ့ဝတ္ထုတို

မနောဖြူလေး

ဟော . . . လာပြီ . . .

မနောတစ်ယောက် အဝေးကိုမျှော်ကြည့်ရင်း စိတ်ထဲက ရေရွတ်လိုက်မိသည်။ လည်ပင်းကြောတွေထောင်၊ မျက်စိတွေညောင်းနေပြီး ခြင်းကိုင်ထားတဲ့လက်ကလည်း လက်အန်သေနေအောင် မျှော်နေရတဲ့အချိန်မှာ ကိုယ်စီးမယ့်ကား လာတာတွေ့တော့ ဝမ်းသာသွားမိသည်။

ဒီနေ့ရုံးစောစော သွားမယ်ဆိုမှ ဘာကားမှ မလာ၊ လာတဲ့ကားတွေကလည်း မရပ်နဲ့၊ ဒါကြောင့် ဘာကားပဲဖြစ်ဖြစ် လိုက်မယ်လို့ ဆုံးဖြတ်ထားပြီးသား။

အခုလာနေတဲ့ကားက နှစ်ရာပေးစီးရတဲ့ "အထူးကား" ပေါ့။ အထူးကားဆိုတဲ့အတိုင်း အဲယားကွန်းပါတယ်။ တီဗွီပါတယ်။ လက်မှတ်ပေးတယ်(တစ်ခါတလေ စစ်ဆေးရေးရှိရင်ပေါ့)။ ထိုင်ခုံတွေကလည်း ဆိုဖာခုံတွေလေ။ ခုနောက်ပိုင်းတော့ ကော်ခုံတွေပြောင်းလဲကုန်ပြီ။ ဒီတော့ ရိုးရိုးငါးဆယ်၊ တစ်ရာပေးစီးရတဲ့ ကားတွေထက်သာတယ်။ စမတ်ကျကျစီးရတယ်။ မြန်လည်းမြန်တယ်(ကားချင်းပြိုင်တဲ့အချိန်ပြောတာပါ၊ ကျန်တဲ့အချိန်ဆိုရင် လိပ်ကတောင် အဘခေါ်ရလောက်တယ်။ ကားပေါ်ကဆင်းပြီးတောင် တွန်းပေးချင်စိတ်ပေါက်တယ်)။ အေးအေးလူလူနှင့် တီဗွီကြည့်ရင်း ဇိမ်ရှိရှိစီးရမယ်။ ကျွန်မကလည်း ခရီးကအလုပ်သွား အလုပ်ပြန်တစ်နာရီလောက် (မြန်ရင်)အချိန်ပေးရတော့ ဒီလိုကားတွေနဲ့မှ အဆင်ပြေမှာလေ။

ကျွန်မလည်း အထူးကားရဲ့ အားသာချက်တွေကို တွေးရင်းကားဆီသွားဖို့ ခြေလှမ်းပြင်လိုက်သည်။ မှတ်တိုင်တွင် ရုတ်ရုတ်သဲသဲဖြစ်သွားသော လူတွေကိုကြည့်ရင်း "တက်မယ့်သူတွေ မနည်းပါလား" ဟု တွေးလိုက်မိပြီး ရှေ့ဆုံးက တက်နိုင်အောင် မာရသွန်ပြိုင်ပွဲ ပန်းဝင်သကဲ့သို့ အပြေးအလွှားသွားရသည်။ အရေးထဲ ဒီကားကလည်း ဘာလို့အဝေးကြီးမှာ သွားရပ်သလဲမသိဘူး။ စိတ်တိုဖို့ကောင်းလိုက်တာ။ သူများထက် အရင်ဆုံးတက်နိုင်အောင် ပြေးသွားနေရင်းက ဆရာတစ်ယောက်ပြောဖူးတဲ့ စကားကို ဖျတ်ခနဲ သတိရလိုက်သေးသည်။ "လူတွေရဲ့ အတ္တကြီးမှုကို ဘတ်စ်ကားစီးတဲ့အခါ တွေ့နိုင်တယ်"တဲ့။ ဆရာ့ပြောစကား မှန်နေပြီလား မပြောတတ်။ ကိုယ့်လိုပဲ အလုအယက်ပြေးနေတဲ့ သူတွေကြားထဲ ရှေ့ဆုံးကတက်ပြီး နေရာကောင်းကောင်းယူချင်တာ ကျွန်မရဲ့ အတ္တစိတ်ပဲ ဖြစ်မှာပါ။

ဖြစ်ချင်တော့ ကားက ဆင်းတဲ့သူလည်း ဆင်းပြီးရော မောင်းဖို့ပြင်နေတုန်း လှမ်းအတက် စပယ်ယာက လှမ်းအဆွဲမှာ ခြေထောက်က ခြေနင်းခုံကို မနင်းမိဘဲ ခြေချော်ပြီး ခြေသလုံးနဲ့ ခြေနင်းခုံ ရိုက်မိပါလေရော။ အားလားလား အေးရတဲ့အထဲ ခြေထောက်တော့ ဘာဖြစ်ပြီလဲမသိ မစဉ်းစားအား၊ နောက်တစ်ဖက်နဲ့ ခြေနင်းခုံပေါ် ခုန်အတက် ကားက ဝူးခနဲ မောင်းထွက်သွား။

အထူးကားပေါ် တက်လိုက်မိသည်နှင့် တစ်ပြိုင်နက် "ငါတော့လွဲပြီ"ဟု နောင်တရလိုက်သည်။ ဟုတ်တယ်လေ။ မတ်တတ်ရပ်စီးနေတဲ့ ခရီးသည်တွေက အများကြီး။ ကိုယ်တောင် လမ်းတစ်ဝက်ရောက်နေပြီ ခြေနင်းခုံကနေ အပေါ်ကို မရောက်သေး။ စပယ်ယာအသံထွက်လာသည်။ "ရှေ့ကို နည်းနည်းလေးလောက်တိုးပေးကြပါ။ အောက်မှာ မိန်းကလေးတစ်ယောက် တွယ်လာရလို့ပါ" အော်ပေမယ့်လည်း လှုပ်ရုံသာလှုပ်သည့် ခရီးသည်တွေကြား မနည်းတိုးတက်နေရသည်။ ဒီလောက်လူတွေများပြီး ကျပ်နေတာကို ငါဘာလို့ မမြင်ပါလိမ့်။ ဩော်-ကားပေါ်တက်ရဖို့အရေး ပြေးလွှားပြီး ဇောကပ်နေတော့လည်း ငါမမြင်တာ မဆန်းပါဘူးဟု ဖြေတွေးတွေးလိုက်မိ။

ကျွန်မလည်း ဆွဲခြင်းက တစ်ဖက်နှင့်ဆိုတော့ ကားထွက်ချိန်မှာ ယိုင်လဲမသွားအောင် ဟန်ချက်ကို မနည်းထိန်းလိုက်ရသည်။ ကျွန်မက အရပ်ပုတော့ ကားပေါ်ရောက်လျှင် အပေါ်တန်းလည်းမမီ တခြားသူတွေကိုကိုင်ပြီး ရပ်ရမှာလည်း အားနာနှင့် စိတ်ဒုက္ခရောက်ရသည်။ ဟိုယိုင်ဒီယိုင်နှင့် မတည်ငြိမ်သေးခင်မှာပင် စပယ်ယာက "ကားခတစ်ယောက် ကျန်သေးတယ်"ဆိုပြီး အော်နေပြန်သည်။ ကျွန်မလည်း ကိုင်စရာနေရာရသည်နှင့် လက်ထဲကငါးရာတန်ကို လှမ်းပေးလိုက်သည်။ စပယ်ယာက "တစ်ယောက်တည်းလား"လို့ မေးတာကို ခေါင်းညိတ်ပြလိုက်တော့ နှစ်ရာတန်တစ်ရွက် လှမ်းပေးရင်း "တစ်ရာခဏစောင့်"ဟု ပြောကာ အထဲကို ဝင်သွားလေသည်။

ဘုရားစူး. . . အထူးကား။ ထိုင်စရာ နေရာမရှာလိုက်ရဘဲ ကိုင်စရာနေရာနဲ့ ခြေထောက်ရပ်စရာကိုသာ အသည်းအသန်ရှာလိုက်ရသည့်အဖြစ်။ ကားပေါ်မတက်ခင်က ဇိမ်ကျကျထိုင်ရင်း တီဗွီကြည့်ကာ အမောဖြေမည်ဟူသော အတွေးကလည်း အတောင်ပံတပ်ကာ ဘယ်ဆီပြေးပြီမသိ။ ထိုင်ခုံပေါ် ထိုင်ဖို့မပြောနှင့် ကိုယ့်ခြေထောက်ပေါ် ကိုယ်မတ်မတ်ရပ်နိုင်အောင် မနည်းကြိုးစားပြီး နေရာယူလိုက်ရသည်။ ဒါကြောင့် ရှေးလူကြီးတွေ ပြောတာထင်ပါရဲ့။ ကိုယ့်ခြေထောက်ပေါ်ကိုယ် အရင်ရပ်ကြည့်ဦးဆိုတဲ့စကား ကြားယောင်နေမိသည်။

ထိုင်ခုံမှာ အမိန့်သား ထိုင်နေသူတွေကို ဝေ့ကြည့်လိုက်တော့ ဘေးဘီကို စိတ်ဝင်စားဟန်မပြဘဲ တီဗွီကိုသာ အာရုံစိုက်နေကြလေသည်။ အင်း. . . သူတို့ကိုကြည့်ရတာ နှစ်ရာတန်နဲ့ နတ်ပြည်ရောက်ပြီး စည်းစိမ်ခံစားနေကြတဲ့ နတ်သား၊ နတ်သမီးတွေနဲ့တောင် တူနေသယောင်။ အေးလေ. . . ငါလည်း ထိုင်ခုံရရင် သူတို့လိုနေမှာပေ့ါ. . .။

တစ်ယောက်တည်းတွေးရင်း ငေးရင်းနဲ့စီးလာတာ သီရိမင်္ဂလာဈေးနားရောက်ရော စပယ်ရာရဲ့အသံက နားထဲ ကိုးလိုးကန်လန် ဝင်လာပါတော့သည်။ "ဟိုနားက ပပမျက်မှန်နဲ့ အစ်မ၊ ရှေ့နည်းနည်းတိုးပါဗျာ လုပ်ပါ။ အချောင်ကြီးပါဗျာ" ကျွန်မလည်း ဘေးဘီကို ငဲ့စောင်းကြည့်လိုက်မိသည်။

ဟင်. . . ယောကျ်ားလေးတွေချည်းပဲ။ ဒါဆို "ပပမျက်မှန်နဲ့အစ်မ" ဆိုတာငါ့ကိုပြောတာပေ့ါလေ။ တောက်. . . "အစ်မရေ နည်းနည်းတိုးပေးပါ"လို့ ပြောရင်တောင် တိုးပေးလိုက်ဦးမယ်။ အခုတော့ ဂုဏ်ပုဒ်တွေတပ်ပြီး ပြောကာ ကျွန်မကို ကွက်ကြည့်ကွက်ကြည့် လုပ်နေကြပြီ။

စိတ်က ထောင်းခနဲဖြစ်မိပြီး "ဘယ်အထိ တိုးရဦးမှာလဲ။ အရှေ့မှာ ကားမှန်ပဲရှိတော့တယ်။ လွန်ပူနဲ့ လာဖောက်ပေးမှပဲ ကားမှန်ဖောက်ထွက်လို့ရမယ်"လို့ ဘုတောပစ်လိုက်သည်။ ကိုရွှေစပယ်ယာလည်း တစ်ခွန်းမှ ပြန်မဟတော့။ ဟိုဘက်က ခရီးသည်တွေက ဘာပြောလို့လဲမသိ။ စပယ်ယာက "မြန်ချင်ရင် တက္ကစီစီးသွားပါ။ ဒီထက်မြန်ချင်ရင် ကိုယ်ပိုင်ကား ဝယ်ထားပါ"လို့ လှည့်အော်သည်။

တဖြည်းဖြည်းနှင့် လူတွေများလာပြီး မွန်းကျပ်လာကာ ပူလောင်အိုက်စပ်လာတော့မှ "အဲယားကွန်း"လည်း "အလကားကွန်း" ဖြစ်ပြီဟု တွေးလိုက်မိသည်။

မှန်အလုံပိတ်ကားထဲမှာ အဲယားကွန်းမရသောကြောင့် လူနံ့၊ ချွေးနံ့၊ ရေမွှေးနံ့တွေနှင့် အတော်ပင် မွန်းကျပ်လာခဲ့သည်။ ထို့ကြောင့် စပယ်ယာအား . . . "ပြတင်းပေါက်မှန်ဖွင့်လို့ရမလား" ဟု လှမ်းမေးလိုက်သည်။ "လှည့်ကင်းရှိတယ် အစ်မ။ ဖွင့်လို့မရဘူး"။ ဩော်. . . ငါ့နှယ် နှစ်ရာပေးပြီး ချွေးထုတ်နေရတဲ့အဖြစ်ပါလားဟု တွေးမိပြန်သည်။ "သမီး. . . ကားစီးရင်း ဘုရားဂုဏ်တော်ပွားများဖို့ မမေ့နဲ့နော်" ဆိုသည့် အမေ့စကားကိုလည်း သတိမရနိုင်တော့။ "တစ်ရာအမ်းရမယ်၊ တစ်ရာအမ်းရမယ်" ဆိုတာကိုသာ တရစပ်ရွတ်ဖတ်နေရသည်။ ကျွန်မကလည်း မေ့တတ်တာနဲ့၊ စပယ်ယာကလည်း မေ့ချင်ယောင်ဆောင်တတ်တာနဲ့ ဒီလိုပဲ ရွတ်ဖတ်ပေးနေရသည်။ တစ်ခါကလည်း တစ်ထောင်တန်ပေးပြီး ကားပေါ်ကဆင်း လမ်းလျှောက်ပြီးမှ သတိရလို့ လှည့်ကြည့်တော့ ကားက ထွက်သွားပြီ။

ဒါနဲ့ ဆင်းရမယ့်မှတ်တိုင်နားရောက်တော့မှ "တစ်ရာအမ်းရမယ်"ဟု ခပ်တည်တည်တောင်းလိုက်သည်။ အရင်တုန်းကဆိုလျှင် ပြန်အမ်းရမည့်ပိုက်ဆံကို ထိုသို့ မတောင်းရဲခဲ့။ ခုတော့ တောင်းရဲသွားပြီ။ နေ့စဉ်ကြုံတွေ့ရသော အတွေ့အကြုံ၊ သင်ခန်းစာများက တောင်းတတ်အောင် သင်ပေးလိုက်တာထင်ပါသည်။

စပယ်ယာက တစ်ရာတန် အဟောင်းအနွမ်း တစ်ရွက်ကို လှမ်းပေးရင်း "ဒီတစ်ရွက်ပဲရှိတယ်"ဟု ပိတ်ပြောသည်။ ရှားရှားပါးပါး ရှိတဲ့တစ်ရွက်ကို အမ်းပေးတဲ့အတွက် "ကျေးဇူးတင်ပါတယ် မောင်မင်းကြီးသားရယ်"ဟု နှုတ်က ထွက်မိသည်။

ကျွန်မ ဆင်းရမည့်မှတ်တိုင်နီးလာပြီမို့ ဆင်းရလွယ်အောင် ကြိုထွက်ထားဖို့ တာစူလိုက်သည်။ အထူးကားရဲ့ တစ်ယောက်စာလျှောက်လမ်းလေးမှာ နှစ်ယောက်စီထပ်ပြီး ရပ်နေကြရတော့ ဘယ်လိုများတိုးရပ့ါ။ ဒီကြားထဲ လွယ်ထားတဲ့ စလင်းဘတ်က ညပ်ပြီးနောက်မှာကျန်ခဲ့လို့ မနည်းဆွဲယူလိုက်ရသည်။ ခြင်းကလည်း ထုတ်လို့မရ။

အရင်ကတော့ ပလတ်စတစ်ခြင်းလေးတွေ ကိုင်သည်။ ခုတော့ ကြိမ်ခြင်းပဲကိုင်တော့သည်။ ပလတ်စတစ်ခြင်း ကိုင်တုန်းက ကားအောက်ရောက်တော့ လက်ထဲမှာ လက်ကိုင်ကွင်း နှစ်ဖက်ပဲပါလာပြီး ခြင်းကိုယ်ထည်က ကားထဲမှာ ကျန်ဖူးသည်မို့ ခြင်းတောင် ရွေးကိုင်ရခြင်းဖြစ်သည်။ ခုတော့ တိုးရလွယ်အောင် ခြင်းကို အပေါ်က မြှောက်ကိုင်ဖို့ကလည်း အရပ်က ပုနေတော့ သူများတွေရဲ့ ခေါင်းကိုတောင် ကျော်အောင် မမြှောက်နိုင်။ ဒုက္ခ။ တိုးထွက်လို့လည်း မရွေ့။

မှတ်တိုင်ရောက်သည်အထိ တိုးထွက်လို့မရတော့ ဒေါသကထွက်၊ ချွေးကထွက်နှင့် တစ်ကိုယ်လုံး ပူထူနေတော့သည်။ နောက်ဆုံး ကိုရွှေစပယ်ယာ မနေသာတော့ဘဲ ကျွန်မလက်ကိုဆွဲပြီး အတင်းဆွဲထုတ်လိုက်မှ ဆင်းရမည့် အပေါက်နားရောက်တော့သည်။ ဒီကြားထဲ ဆံပင်က လူကြားထဲညပ်ကျန်ချင်သေးသည်။ ကမန်းကတန်း ဆင်းလိုက်ရသည်။

ကားပေါ်ထိုင်ပါလာတဲ့ အလုပ်သွားချိန်တွေ့နေကျ ကလေးမလေးနှစ်ယောက်က ကားအောက်ရောက်တော့ "အစ်မ ဒီနေ့ ဆပ်ပြာမတိုက်လာဘူးထင်တယ်"လို့ ပြောတော့ ကြောင်ပြီး ပြန်မေးလိုက်မိသည်။ "ဘာဖြစ်လို့လဲ" "အစ်မ ကားထိုင်ခုံမရလို့လေ"တဲ့။ စိတ်ထဲကလည်း "ဒီနေ့ တော်တော်ကံမကောင်းတာပဲ"ဟု မဆီမဆိုင် ကံကို အပြစ်တင်လိုက်သေးသည်။

ကားပေါ်က ဆင်းလိုက်သည်နှင့် ဆူးလေဘုရားကြီးကို ဦးခိုက်ရင်း သဘာဝလေနုအေးလေးတို့၏ ကြိုဆိုခြင်းကို ခံစားရ၍ အနည်းငယ်လန်းဆန်းသွားရသည်။ ဟူး. . အခုမှပဲ အသက်ကို တဝကြီး ရှူရတော့သည်။

ကျွန်မတစ်ယောက် မှတ်တိုင်မှာ ရပ်ရင်း၊ ပွံ့လွင့်နေတဲ့ ဆံပင်ကိုသပ်ချရင်း ခြင်းတောင်းကို လက်ထဲက နေရာတကျချပြီး ရွှဲနေတဲ့ချွေးကို သုတ်လိုက်ကာ စီးလာတဲ့အထူးကားကြီးကို မကျေမနပ်နဲ့ မျက်စောင်းဝင့်ပြီး ကြည့်လိုက်သည်။

"ထိုင်ခုံပြည့်သာ တင်ဆောင်ပါသည်။ လူပိုတင်ခွင့်မရှိပါ" "အကောင်းဆုံးဝန်ဆောင်မှုပေးပါ" "အမျိုးသမီးများကို ဦးစားပေးပါ" "ခရီးသည်များသည် ထမင်းရှင်များဖြစ်သည်" "Air-con အမြဲဖွင့်ထား၊ မအေးလျှင် လိုင်းမထွက်ရ" "နေရာတိုင်းတွင် သင့်ကို အမြဲစောင့်ကြည့်နေသည်" ဟူသော စာတန်းလေးတွေက ကျွန်မကို "တာ့တာ. . ဘိုင့်ဘိုင်"ဟု ပြုံးပြုံးနှုတ်ဆက်နေကြပြီး အထူးကားကြီးကလည်း ကျွန်မကိုကြည့်လို တဟားဟား အော်ရယ်ကာ မြူးထူးသွက်လက်စွာ နှုတ်ဆက်ထွက်ခွာသွားလေတော့သည်။ ။

စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၁ခုနှစ်(သို့မဟုတ်)၂၀၁၂ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၂ခုနှစ်၊ ဩဂုတ်လ (၃)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၂ ခုနှစ်၊ဩဂုတ်လ (၁၉)ရက်နေ့**တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၁၂ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၂ခုနှစ်၊ ဩဂုတ်လ (၃)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ၂၀၁၂ ခုနှစ်၊ဩဂုတ်လ (၁၈)ရက်နေ့တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၁၂ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့်ဖြေဆို အောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၂ခုနှစ်၊ ဩဂုတ်လ (၃)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီးအရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) ဇီဝဗေဒ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၂ ခုနှစ်၊ဩဂုတ်လ (၁၇)ရက်နေ့တွင်** ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

ရွှေရတုမင်္ဂလာ

သုဝဏ္ဏမြို့၊ စုပေါင်းအိမ်ရာ၊ သစ်ယာပင်လမ်း၊ အမှတ်(၁၀၇/၂)နေ **ဦးကြည်ထွန်း** (ဖွံ့ဖြိုးရေး စီမံကိန်းအရာရှိ-ငြိမ်း၊ ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)ဗန်ကောက်မြို့)နှင့် ဒေါ်သန်းသန်းတင် (အထက-၁၊ ဒဂုံ-ငြိမ်း) တို့၏ ယနေ့ ၁၄-၆-၂၀၁၂ သည် နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာနေ့သို့ ကျရောက်ခဲ့ပါသည်။ ကျေးဇူးရှင်မိဘနှစ်ပါး အသက်ရာကျော်ရှည်ကြာစွာ နေရပြီး သား၊သမီးများနှင့်အတူ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် သာယာဝပြောသော ဘဝခရီးလမ်းတလျှောက် နေနိုင်ကြပါစေရန် သား၊ သမီးများက ရိုသေလေးစားစွာ ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။

သမီး - **ဒေါ်စုလေးမေ (ASSUNPPION UNIVERSITY. BANGKOK)**
သားကြီး - **ဦးမျိုးသန့်ထွန်း (ANF RAFER PTE LTD. SINGAPORE)**
သားငယ် - **ကိုဝင်းမျိုးသန်း (BRAD FORD UNIYERSITY BANGKOK)**

မြန်မာနိုင်ငံဆေးဝါးပညာရှင်များအသင်း
(Myanmar Pharmaceutical Association)နှိုးဆော်လွှာ

မြန်မာနိုင်ငံဆေးဝါးပညာရှင်များအသင်းကို အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေနှင့်အညီ ဖွဲ့စည်းခွင့်ရရှိပြီး ဖြစ်ပါသည်။ **မြန်မာ့ဆေးဝါးပညာရှင်များအချင်းချင်း ပညာရပ်ဆိုင်ရာ ပံ့ပိုးကူညီမှု၊ နှီးနှောဖလှယ်မှုများ ပြုလုပ်နိုင်ရန်နှင့် ပြည်သူ့ကျန်းမာရေး အထောက်အကူပြု လုပ်ငန်းရပ်များတွင် စုစည်းညီညွတ်သော ဆေးဝါးပညာရှင် အဝန်းအဝိုင်းအဖြစ် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက်** အသင်းဝင်လိုသူ ဆေးဝါးပညာရှင်(Pharmacist) များနှင့် ဆေးဝါးတက္ကသိုလ်ဘွဲ့ရများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များကို ဆက်သွယ်စုံစမ်းပြီး အသင်းဝင်လျှောက်လွှာများ တောင်းခံနိုင်ပါသည်။

ဦးဖိုးကျား(ဥက္ကဋ္ဌ)	**အမှတ်-၅၅၊ ဘုန်းကြီးလမ်း၊ လမ်းမတော်**
	ဖုန်း-၀၁-၂၂၄၇၅၃
ဦးသစ်၊ ဦးလှငွေ	ဖုန်း-၀၁-၅၆၂၃၀၃
ကိုနေဝင်းမောင်	ဖုန်း-၀၉-၅၁၃၇၆၅၄
မယုမွန်သန်း	ဖုန်း-၀၉-၅၀၃၅၀၇၂
မိဖြူဖြူစင်	ဖုန်း-၀၉-၈၆၃၃၇၈၀
မခင်သီတာစိုး	ဖုန်း-၀၉-၇၃၀၇၄၁၄၁
မတင်မိုးလှိုင်	ဖုန်း-၀၉-၅၀၉၈၄၅၂

တောင်သူလယ်သမားများ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့်အနေဖြင့် စပါးသီးနှံစိုက်ပျိုးစရိတ်ချေးငွေအား တစ်ဧကလျှင် ကျပ်(၅၀၀၀၀)နှုန်း တိုးမြှင့်သတ်မှတ်

ယခု ၂၀၁၂ခုနှစ်၊ မိုးစပါးစိုက်ပျိုးရာသီကာလတွင် တောင်သူလယ်သမားများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့်အနေဖြင့် စပါးသီးနှံအပေါ် တစ်ဧကလျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် တိုးမြှင့်သတ်မှတ်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးသွားမည် ဖြစ်ပါသည်။

ယခင်စိုက်ပျိုးစရိတ် ထုတ်ယူထားခဲ့သည့် ချေးငွေများကို အကျေပြန်လည်ပေးဆပ်ပြီးဖြစ်သည့် တောင်သူလယ်သမားများကို ယခုမိုးစပါးစိုက်ပျိုးရာသီတွင် စိုက်ပျိုးစရိတ် တစ်ဧကကျပ် ၅၀၀၀၀နှုန်းဖြင့် ထုတ်ချေးသွားမည် ဖြစ်ပါသည်။

စိုက်ပျိုးစရိတ်ချေးငွေများ ပြန်လည်ပေးဆပ်ရန် ကျန်ရှိနေသေးသော တောင်သူလယ်သမားများအနေဖြင့်လည်း မိမိတို့ပေးဆပ်ရန် တာဝန်ရှိသည်များကို အမြန်ပြန်လည်ပေးဆပ်သွားနိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီး၏ မြို့နယ်များအလိုက် နှိုးဆော်ကြပ်မတ်ဆောင်ရွက်ပေးသွားနိုင်ရန် ကြေညာအပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY
သင်တန်းစမည့်ရက် ဇွန်လ ၂၉ ရက်
ဦးနေလင်းအောင်
B.Com, C.P.A
ACCA(UK) → F1,F2,F3 (Dip in Accounting & Business)
F4,F5,F6,F7,F8,F9, (Dip IFR)
သင်တန်းများစကျောင်းအပ်လက်ခံနေပါပြီ။
အမှတ် - ၁၈/၄ဘီ၊ ဦးထွန်းလင်းချီလမ်း (Giordano ဆိုင်အနီး)၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်။
ဖုန်း - ၅၀၄၇၃၇၊ ၅၁၂၉၀၀၊ ၀၉-၅၁၇၀၁၀၅၊ ၀၉-၇၃၁၀၈၄၀၉၊ ၀၉-၄၅၀၀၂၂၆၄၆

ဦးအောင်နိုင်
[ရွှေတံဆိပ်ဆုရှင်- C P A]
B.Com[Q], CPA, DA [LCCI-UK], FFA [IFA-UK] Fellow of Financial Accountant-UK
LCCI တန်းခွဲသစ်များ June 23 စမည်
သင်တန်းအပ်လက်ခံပြီ
၂၄၃ တတိယထပ် မီးပွိုင့်နှင့် နံတော်ကားကြား ပန်းဆိုးတန်း(ထက်) ကျောက်တံတားမြို့နယ် ရန်ကုန်
ဖုန်း - ၀၁ ၃၇၇၆၁၀၊ ၀၉ ၇၃၀ ၉၉၇၅၂၊ ၀၉ ၇၃၀ ၆၆၂၃၁၊ ၀၉ ၅၁ ၅၀၂၄

အင်တာနက်ခေတ်မှာ အင်္ဂလိပ်စာ တတ်မှ ဖြစ်မယ်
ဂုဏ်ထူး ဦးအောင်ခိုင်
● သဒ္ဒါနဲ့ သက်ဆိုင်တာတွေ အစုံအလင် ပါတဲ့ Basic Grammar စာအုပ်အသစ် (2 Color)
● မြင်ဆင် ဖြည့်စွက်ချက် အသစ်များ နဲ့ အတူ Essays & Letters ဒုတိယအကြိမ် (3 Color)
၂၄၂-ပန်းဆိုးတန်းလမ်း။ 01 252 919, 09 430 85263

မျိုး 380164
09 5017088
09 8626524
ခရီးစဉ်အမျိုးမျိုးနှင့်လမ်းရှုပ်ကားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၆-၂၀၁၂ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၁၇)ပါ မောင်မင်းသန့်ဝေယံ၏ ဂုဏ်ယူဝမ်းမြောက်ခြင်းကြော်ငြာတွင် (၄)ဘာသာဂုဏ်ထူးဟု ပြင်ဆင်ဖတ်ရှုပါရန်။

၁၅ . ၆ . ၂၀၁၂ ရက်မှစတင်၍ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ပြသနေသည့်ဇာတ်ကားများ

သမ္မတ ဖုန်း-၂၄၈၉၆၂ ၊ ၂၄၈၉၆၃	မော်ကင်းဥဒါန်း	[illegible]
သွင် ဖုန်း-၃၇၂၅၉၄ ၊ ၃၇၂၅၉၅	မော်ကင်းဥဒါန်း	[illegible]
မင်္ဂလာ (၁)သိမ်ဖြူဈေး ဖုန်း-၂၄၃၀၅၇ ၊ ၂၄၃၀၅၁	မော်ကင်းဥဒါန်း	[illegible]
မင်္ဂလာ (၂)	407 DARK FLIGHT 3D အဆင့်မြင့်ရုပ်ရှင်ဇာတ်ကားသစ်ကြီး	Unchalee Hassadeevichit Peter Knight , Sisangian Sihatath
နေပြည်တော် ဖုန်း-၂၅၁၂၇၇ ၊ ၂၅၁၂၅၈	MIB³ MEN IN BLACK 3	WILL SMITH TOMMY LEE JONES JOSH BROLIN
ရွှေဆောင် ဖုန်း-၂၅၂၁၁၃ ၊ ၃၈၈၀၀၃	THE AVENGERS	Robert Downey Jr , Chris Evans Chris Hemsworth , Scarlett Johansson Jeremy Renner , Samuel L Jackson

ပွဲချိန်သတိ (နေ့စဉ်) ၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ

နိုင်ငံပိုင်သိမ်းဆည်းထားသည့် ရေယာဉ်(၁၀)စီးအား ရောင်းချရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံပိုင်သိမ်းဆည်းထားသောပစ္စည်းများ၊ အိမ်ရာစီမံကိန်းများရှိ အဆောက်အအုံများနှင့် မြေယာကွက်များ စီမံခန့်ခွဲမှုကော်မတီမှ နိုင်ငံပိုင်သိမ်းဆည်းထားသည့် ရေယာဉ်(၁၀)စီးအား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်ပါသည်။ ဝယ်ယူလိုသူနိုင်ငံသားများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ရောင်းချမည့်ရေယာဉ်(၁၀)စီး၏ အချက်အလက်များအား တင်ဒါလျှောက်လွှာစည်းကမ်းချက်ပုံစံတွင် ပူးတွဲဖော်ပြထားပါသည်။

၃။ တင်ဒါလျှောက်လွှာနှင့်စည်းကမ်းချက်ပုံစံများရောင်းချမည့်-

(က) နေ့ရက်	-	၁၅-၆-၂၀၁၂ရက်မှ ၂၅-၆-၂၀၁၂ရက်အထိ
(ခ) အချိန်	-	နေ့စဉ်ရုံးဖွင့်ရက်များတွင် နံနက် ၉း၃၀ နာရီမှ ၁၅း၃၀နာရီအထိ
(ဂ) နေရာ	-	(၁) ငါးလုပ်ငန်းဦးစီးဌာနရုံး၊ ဘုရင့်နောင်လမ်းမကြီး၊ အနောက်ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့
		(၂) ငါးလုပ်ငန်းဦးစီးဌာန၊ ရုံးအမှတ်(၃၆)၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ နေပြည်တော်
(ဃ) တင်ဒါတစ်စောင်နှုန်း	-	ကျပ်-၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)

၄။ ရေယာဉ်(၁၀)စီး၏မျက်မြင်အခြေအနေအား ကြည့်ရှုရမည့်နေရာ - ငါးလုပ်ငန်းဦးစီးဌာန၊ ဂျောင်ဝိုင်းလွန်းကျင်းဆိပ်ကမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့

၅။ အိတ်ဖွင့်တင်ဒါသွင်းရမည့်နေရာ - ငါးလုပ်ငန်းဦးစီးဌာနရုံး (ဘုရင့်နောင်လမ်းမကြီး၊ အနောက်ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့)

၆။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်နှင့်အချိန် - ၂၆-၆-၂၀၁၂ရက် နံနက် ၉း၃၀နာရီ

၇။ အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်နှင့်အချိန် - ၂၆-၆-၂၀၁၂ရက်၊ နံနက် ၁၀ နာရီ

၈။ အိတ်ဖွင့်တင်ဒါဖြင့် ရေယာဉ်များရောင်းချခြင်းကို One Stop Service စနစ်ဖြင့်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

လေလံတင်ထုခွဲရောင်းချရေးအဖွဲ့

မွေးနေ့ဆုတောင်း

ချစ်ဖေကြီး **ဦးမြင့်ဦး**၏ ၁၃-၆-၂၀၁၂ ရက် (၄၉)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ ချစ်သောမိသားစုနှင့်အတူ ပျော်ရွှင်စွာနေထိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သမီးလေး-ပိုးအိနွေး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ မြေကွက်အမှတ်(၁၀၇၆)၊ မြေကွက်တည်နေရာအမှတ်(၁၀၇၆)၊ ကင်းဝန်(၃)လမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြောက်၊ ဒေါ်ကလဲ့ပု အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ကလဲ့ပုနှင့် ဦးတင်မောင်ထွေး မိခင်၊ဖခင်တို့ အသီးသီးကွယ်လွန်ခဲ့ပါသဖြင့် (၁)ဦးဇော်ဇော်ထွန်း ၁၂/မရက (နိုင်) ၀၁၄၅၇၁၊ (၂)ဒေါ်ဖြူဖြူထွန်း ၁၂/မရက(နိုင်)၀၁၄၅၇၃တို့က သား၊ သမီးများတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဝပေါ်(Taxi)ယာဉ်ဟောင်း
နေ့/ညဟောင်း ဝယ်လိုရှိသည်
09-51 97917
09-51 37805

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ ကံဘဲ့၊ မြေကွက်အမှတ်၂၉/ခ၊ ၂၉/ဃ၁၊ ၂၉/ဇ၊ မြေကွက်တည်နေရာ အမှတ်(၂၉/ခ)၊ ကမ္ဘာအေးရေစက်လမ်း၊(၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ဦးတင်ထွန်း၊ ဒေါ်ခင်ထွေး) အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဦးစန်းမောင်၊ ဦးခင်မောင်အုန်း၊ ဒေါ်မေ အမည်ပေါက်များထံမှ ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှု အမှတ်-၄၉၇/၉၈၊ (နောက်ပိုင်း အမှုအမှတ်-၇၉/၉၉)၊ တရားမဇာရီမှု အမှတ်-၁၁၆၁/၂၀၀၅၊ အရောင်းအဝယ်စာချုပ်- ၁၆၇၈/၂၀၀၈တို့ဖြင့် ပိုင်ဆိုင်လာသူ ဖခင် ဦးတင်ထွန်း၊ မိခင် ဒေါ်ခင်ထွေးတို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသည့် ဒေါ်စန်းစန်းလင်း ၁၂/မရက(နိုင်)၀၆၇၇၀၂၊ ဦးဖေအောင်လင်း၁၂/မရက(နိုင်)၀၄၀၀၆၀၊ ဦးမေအောင်လင်း ၁၂/မရက(နိုင်) ၁၁၇၈၅၁၊ဒေါ်မေသီလင်း၁၂/မရက(နိုင်)၀၄၂၅၁၀၊ ဦးငွေအောင်လင်း ၁၂/မရက(နိုင်)၀၁၇၄၂၉၊ ဒေါ်ရွှေရွှေလင်း ၁၂/မရက(နိုင်)၀၄၂၅၁၁ တို့မှ ကျမ်းကျိန်လွှာ၊ သေစာရင်း၊ အရောင်းအဝယ်စာချုပ် ၁၆၇၈/၂၀၀၈၊ မိတ္တူ၊ အရောင်းအဝယ်စာချုပ်-၅၇၇/၆၂ မိတ္တူမှန်များ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

အဆင့်မြင့် ဘလိတ်စေးသွားဆူးကြိုးများကို လက်စမဲ့အပြီးအစီး ရောင်းချတပ်ဆင်ပေးနေပါသည်။
မိဘဂုဏ် (ကိုထွေး)
အထူးသတိပြုရန် ။ မိဘဂုဏ် (ကိုထွေး)အရောင်းဆိုင်သည် ရန်ကုန်အရောင်းခန်းမနှင့်နေပြည်တော် အရောင်းခန်းမ နှစ်ခုထဲသာရှိ၍ မည်သည့် ပုံစံ-တံဆိပ်မျိုးစုံနှင့် မှုမကြော်ငြာပါ။ မိဘဂုဏ်(ကိုထွေး)၏ အောင်မြင်သော အရောင်းခန်းမ LOGO ဖြင့်သာ ကြော်ငြာပါသည်။
အရောင်းခန်းမ(၁) အမှတ်(၁၂)အခန်း(၄/၅)၊ မင်းနန္ဒာလမ်းမကြီး၊ (Capital Hyper Market) အနီး၊ သာကေတမြို့နယ်။
အရောင်းခန်းမ(၂) အမှတ်(၉/၄၁၂၆)၊ ရာဇဌာနီလမ်းမကြီး၊ (ဘောဂသီရိကားဝင်းအနီး)နေပြည်တော်၊ ပျဉ်းမနားမြို့။
09-50-64145 , 09-49-276627, 09-49-588063, 09 49-580855,09-420707316

ပြည့်ချစ်ခြင်းဖော် (a) MIECHEAL Primary-V (G) ILBC

၁၄-၆-၂၀၁၂ရက်တွင် ကျရောက်သော တစ်ဦးတည်းသော သမီးလေး **ချစ်ခြင်း** ၏ **(၁၁)နှစ်မြောက်**မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ ချမ်းသာခြင်း ကိုယ်၏ ကျန်းမာခြင်းတို့ဖြင့် ဖေဖေ၊ မေမေ၊မောင်မောင်လေးတို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေ။

ဖေဖေ - ဦးဇော်ဝင်းဦး (ဆရာဇော်)
မေမေ - ဒေါ်ဝင်းပပ
မောင်မောင်လေး- ရဲရင့်သတ္တိ (a) BRYAN PRIMARY (I-F)ILBC

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထား၊ရန်ကုန်-မန္တလေး ရထားလမ်းတစ်လျှောက်ရှိ ဘူတာ(၇၅)ဘူတာ၌ မြေတူး၍ မြေအောက်ကြိုးချသည့်လုပ်ငန်း၊ အချက်ပြတိုင်များထောင်သည့်လုပ်ငန်း၊ ဘူတာအတွင်း Wiring တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသူ လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ် အပ်ပါသည်။

ဆောင်ရွက်မည့်လုပ်ငန်းတည်နေရာများ

လုပ်ကွက် (၁)	ဒါးပိန် မှ ပဲခူးအထိ	၆	ဘူတာ
လုပ်ကွက် (၂)	ရွှေလှေ မှ သောင်းတိုင်ကုန်းအထိ	၂၁	ဘူတာ
လုပ်ကွက် (၃)	တောင်ငူ မှ ရွှေမြို့အထိ	၂၉	ဘူတာ
လုပ်ကွက် (၄)	ညောင်ရမ်း မှ မန္တလေးအထိ	၁၉	ဘူတာ

တင်ဒါပိတ်မည့်နေ့/အချိန် - ၂၀-၇-၂၀၁၂(သောကြာနေ့)(၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၁၄.၆.၂၀၁၂)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့ စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း-294352, 291994.

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၂)
နေ့ဆွမ်းဆက်ကပ်အလှူနှင့် မိတ်ဆုံ ညစာစားပွဲ

(၃၅)နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ကွယ်လွန်သွားခဲ့ကြသော သူငယ်ချင်းများအားရည်စူး၍ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းအမျှ ပေးဝေခြင်းနှင့် မိတ်ဆုံညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ သူငယ်ချင်းများအား ဇနီးများနှင့်အတူ (ကွယ်လွန်သူများ၏ ဇနီးမိသားစုများ အပါအဝင်) တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - **၁၇-၆-၂၀၁၂ (တနင်္ဂနွေနေ့)**
နံနက် - **၉:၀၀ နာရီမှ ၁၂:၀၀နာရီ**
ကုမာရာရာမ ပရဟိတစာသင်တိုက်၊ အမှတ်(၃) ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ညနေ - **၁၇ နာရီမှ ၂၁နာရီ**
ကုန်းမြင့်သာစားတော်ဆက်၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရန်ဖုန်း-၀၉ ၅၀၂၄၉၆၉၊ ၀၉-၇၃၂၀၇၉၅၅၊ ၀၉-၅၄၁၄၉၇၁၊ ၀၉-၅၀၁၉၂၁၄၊ ၀၉-၄၃၀၈၂၁၉၃၊ ၀၁-၆၅၁၉၁၄

တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်း ၁၃ရပ်ကွက် စိုက်ပျိုးရေးလမ်း အိမ်အမှတ် ၇၈၉နေဦးဝင်းကြည်၏ ဖခင်ဦးဒွေး(ခ)ဦးစံလှိုင်မှာတစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဦးဒွေး(ခ)ဦးစံလှိုင်**

အမည်ပြောင်းခြင်း

ပဲခူးမြို့၊ အထက(၃) ဒသမတန်း (ဂ)မှ ဦးနိုင်အောင်မိုး၏ သမီး၊ မထက်ထက်အောင်အား မခင်ခင်သော်ဟု ပြောင်းလဲခေါ်ပါရန်။
မခင်ခင်သော်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၆/၈ တောင်၊ မြေကွက်အမှတ် ၄၁၃ (က) မြေကွက်တည်နေရာ (ဒေါ်ညွန့်ညွန့် RGN-၀၁၄၃၈၈) အမည်ပေါက် နှစ်(၆၀)ဂရန် မြေအားအမည်ပေါက် ဖခင် ဦးကျော်သိန်းနှင့်မိခင် ဒေါ်ညွန့်ညွန့်တို့ အသီးသီးကွယ်လွန်သဖြင့် ဒေါ်မြင့်မြင့်သိန်း [၁၂/ဒဂတ(နိုင်)၀၂၇၃၈၈] နှင့်ဒေါ်မေညွန့်သိန်း[၁၂/သဃက(နိုင်) ၀၁၇၇၀၇]တို့က သမီးအရင်းများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ/၎င်းတို့နှစ်ဦးအနက် အစ်မဖြစ်သူ ဒေါ်မြင့်မြင့်သိန်းထံမှ GPNO 5803/20 ဖြင့် အထွေထွေ ကိုယ်စားလှယ်လွှဲစာအပ်ခြင်းခံရသူ ဒေါ်မေညွန့်သိန်းက ၎င်းက လွှဲအပ်ထားသော ပါဝါပြန်လည်မရုပ်သိမ်းသေးကြောင်းနှင့် ပါဝါပေးသူ သက်ရှိထင်ရှားရှိသေးကြောင်း ကျမ်းကျိန်လွှာ အမှတ် ၃၉၅/၂၀၁၂ / ၈-၅-၁၂ တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဦးနိုင်ဝင်း၊ ဦးကိုကိုနိုး
အားသစ် ဒုရဲအုပ် ဝင်ခွင့်
(၄ဒုတိယ၊ ဒုရဲအုပ်၊ ဝင်ခွင့်စာမေးပွဲ)
ပုံမှန်တန်းခွဲ Sat, Sun 12:00 - 4:00(pm) ၄နှ(၁၆)စမည်။
L.O ဝင်ခွင့်
(A)Sat,Sun 8:00(am)-12:00(am)
(B)Sat,Sun12:00(pm)-4:00(pm)
09 4500 17415
09 500 1599, 09 8632973, 09 73172556

လှိုင်မင်းလတ်
LCCI Level-I,II&III စာရင်းကိုင်သင်တန်း

Level I+II	သင်တန်းချိန်	
Sec(A) Sat+Sun	7-9	(am)
Sec(B) Sun	11-3	(pm)
Sec(C) Mon+Tue	6-8	(pm)
Sec(D) Thu+Fri	3-5	(pm)
Level III		
Sec(A) Sat-Sun	3-8	(pm)
Sec(B) Wed-to-Sun	6-8	(pm)
Sec(C) Tue-to-Fri	8-12	(am)

June တန်းခွဲများ ဖွင့်
09 7313 6677
09 510 9922



ကွန်ပျူတာဗေဒသုခုမ
web site : http://compubaydathukhuma.com

"မူဆယ်သူ" အဆင့်မြင့် ခရီးသွားပို့ဆောင်ရေး

ခရီးသည်များ မျှော်လင့်တောင့်တနေကြသော **မိတ္ထီလာ၊ မန္တလေး၊ လားရှိုး၊ မူဆယ်** ခရီးစဉ်ကို **"မူဆယ်သူ"** အဆင့်မြင့် ခရီးသည်ပို့ဆောင်ရေး မော်တော်ယာဉ်အသင်းမှ တိုးချဲ့ပြေးဆွဲလိုက်ပါသည်။

ဝန်ဆောင်မှုအပြည့်အဝဖြင့် ခရီးသည်များ သက်သောင့်သက်သာစွာ လိုက်ပါစီးနင်းနိုင်ရန်အတွက် မှန်လုံလေအိတ်ကားကြီးများဖြင့် အချိန်မှန်ပြေးဆွဲမည်ဖြစ်ကြောင်း မိတ်ဟောင်းမိတ်သစ်များအား အသိပေးအပ်ပါသည်။

မိတ္ထီလာမြို့ မှ ညနေ ၄ နာရီ၊ **မူဆယ်မြို့** မှ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။

အသင်းဝင်လိုသည့် မော်တော်ယာဉ်များ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ စတင်ထွက်ခွာမည့်ရက်ကို ထပ်မံကြေညာပါမည်။

ဖုန်း-၀၉-၆၈၁၄၃၉၄

ဂုဏ်ယူဝမ်းမြောက်ခြင်း

သမီးများကဲ့သို့ ချစ်ခင်ရသော ခင်လိမ္မာ၊ မေသရဏီဦး၊ အေးမွန်တို့၏ 3 Women စာအုပ်ထွက်ရှိခြင်းအတွက် ဂုဏ်ယူဝမ်းသာရပါသည်။ ဆက်လက်ကြိုးစားပါဟု တိုက်တွန်းပါသည်။

ဒယ်ဒီ ဦးသန်းထွဋ်နှင့်
မာမီအကယ်ဒမီ ဒေါ်ဝါဝါဝင်းရွှေ

အထက(၃)ကမာရွတ်
အာစရိယပူဇော်ပွဲကျင်းပမည်

အထက(၃)ကမာရွတ်ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲအား ၂-၁၂-၂၀၁၂ရက်(တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။

မြတ်ဆရာပူဇော်ပွဲအတွက် ညှိနှိုင်းအစည်းအဝေးကို လစဉ် ဒုတိယပတ်(တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် ပုံမှန်ပြုလုပ်မည်ဖြစ်ပါသဖြင့် ဦးတေဇာလင်း (ဖုန်း-၀၉-၅၅၀၆၂၉၇)၊ ဦးငြိမ်းချမ်း (ဖုန်း-၀၉-၄၉၅၇၆၉၉၇)၊ ဒေါ်မြမြအေး (ဖုန်း-၀၉-၅၄၀၇၄၂၈)နှင့် ဒေါ်ဝင်းလဲ့လဲ့ထွန်း (ဖုန်း-၀၉-၇၃၀၀၉၄၁၄)တို့နှင့် ဆက်သွယ် ဆောင်ရွက်ပါရန် အသိပေးဖိတ်ကြားအပ်ပါသည်။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

ဖခင်အမည်မှန်

အထက(၆) သာဝတ္ထိဒသမတန်း (C)မှမချယ်ရီဦး၏ဖခင်အမည်မှန်မှာ ဦးစိုးဝင်း [၉/လဝန(နိုင်) ၁၅၇၇၂၈] ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

အထက(၂) ဒဂုံဒသမတန်း (ဂ) တွင် ပညာသင်ကြားနေသော မဟေမာန်ဦး၏ ဖခင်အမည်မှန်မှာ ဦးဇော်လင်းခိုင်မှန်ဖြစ်ပါသည်။
ဦးဇော်လင်းခိုင်မှန်

NELC
Nelson English Language Centre
Don't Worry, Just Speak!
Opening in June

➤ **Pre-School (Age/3-5)**
➤ **Young Learners (Age/6-14) (Sat,Sun)**
➤ **Intro, Level-1,2,3,4,5**
➤ **IELTS/TOEFL (Foundation/Preparation)**

★ မြေနီကုန်း - 01 516681, 523680, 526311 ★ ဝေဘာဂီ - 01 501947, 09 8612639
★ ဗိုလ်အောင်ကျော် - 01 256516 ★ ရန်ကင်း - 01 8550 728 ★ မန္တလေး - 02 65852

တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသူများအတွက်
နိုင်ငံတကာပညာရေးအခွင့်အလမ်း

Gusto Higher Education Institute
edexcel Approved Centre
Centre No.93683

B.Sc(Hons:) Computing

BTEC HND
DIPLOMA IN COMPUTING (UK)

○ HND ဒီပလိုမာ ရရှိပြီးပါက တက္ကသိုလ်ပေါင်း ၂၀၀ ကျော်၏ နောက်ဆုံးနှစ်သို့ Directe Entry ရရှိနိုင်ပါသည်။

#332 (D), Pyay Road,(Near Maharmyaing) Sanchaung Tsp.,Yangon. Ph: 0986-28806

ကန့်ကွက်နိုင်ပါသည်

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ -

B.A,LL.B, B.C.S,B.J.S	LL.B,LL.M	LL.B,LL.M.,D.M.L	LL.B

☎ - 552742, 01 - 8603232, 09 5060940, 09 73033183, 09 8634090

နေပြည်တော် ပြင်ဦးလွင် ရိုးရာ လေ့ကျင့်ရေးစခန်း

၂၀၁၂ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကြီးတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား၊ကျောင်းသူများ အတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာစာဂုဏ်ထူးရှင်	(၁၅) ဦး	၆ ဘာသာဂုဏ်ထူးရှင်	(၅) ဦး	ဂုဏ်ထူးဖြင့်အောင်မြင်သူ	(၁၅၆) ဦး
အင်္ဂလိပ်စာဂုဏ်ထူးရှင်	(၃၂) ဦး	၅ ဘာသာဂုဏ်ထူးရှင်	(၂၅) ဦး	ရိုးရိုးအောင်မြင်သူ	(၂၁၀) ဦး
သင်္ချာဂုဏ်ထူးရှင်	(၁၂၅) ဦး	၄ ဘာသာဂုဏ်ထူးရှင်	(၃၇) ဦး	စုစုပေါင်းအောင်မြင်သူ	(၃၆၆) ဦး
ဓာတုဗေဒဂုဏ်ထူးရှင်	(၇၀) ဦး	၃ ဘာသာဂုဏ်ထူးရှင်	(၁၉) ဦး	ဖြေဆိုသူပေါင်း	(၅၂၅) ဦး
ရူပဗေဒဂုဏ်ထူးရှင်	(၁၀၄) ဦး	၂ ဘာသာဂုဏ်ထူးရှင်	(၂၄) ဦး	အောင်မြင်မှုရာခိုင်နှုန်း	(၆၉.၇၁) %
ဇီဝဗေဒဂုဏ်ထူးရှင်	(၉၅) ဦး	၁ ဘာသာဂုဏ်ထူးရှင်	(၄၆) ဦး		
ဘောဂဗေဒဂုဏ်ထူးရှင်	(၁၃) ဦး				

ဘာသာစုံဂုဏ်ထူး

၁။	မမ – ၃၁၇	မမေမြတ်မွန်	(မြန်မာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ)	(လားရှိုး)
၂။	မမ – ၈၃၄	မောင်ကျော်ညီညီ	(မြန်မာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ)	(သာဝတ္တိ)
၃။	မမ – ၈၇၈	မောင်အစ္စရေးယိန်းဒိန်	(မြန်မာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ)	(မြစ်ကြီးနား)
၄။	မမ – ၉၉၅	မောင်ထက်ဖြိုးဝေ	(မြန်မာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ)	(စစ်ကိုင်း)
၅။	မဇသ – ၁၇၁	မပိုးအိဖြူ	(မြန်မာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ)	(နေပြည်တော်)

ငါးဘာသာဂုဏ်ထူး

၁။	မမ – ၅၄	မပိုးဆန်းသီရိ	(အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(မတ္တရာ)
၂။	မမ – ၆၀	မအေးအေးငြိမ်း	(အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(မိုးမောက်)
၃။	မမ – ၁၇၀	မဖင်မီမီထွန်း	(အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(လားရှိုး)
၄။	မမ – ၁၈၄	မယွန်းနန္ဒာ	(အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(မန္တလေး)
၅။	မမ – ၂၂၀	မဖင်ဝင့်ဖြူ	(အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(ပြင်ဦးလွင်)
၆။	မမ – ၂၃၉	မဖင်ဝေဖြိုး	(အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(မန္တလေး)
၇။	မမ – ၂၈၈	မဆုမွန်ရည်မောင်	(အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(ကြို့ကုတ်)
၈။	မမ – ၃၀၁	မစိုးစန္ဒာမြင့်	(အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(မတ္တရာ)
၉။	မမ – ၃၁၉	မချိုရည်မွန်	(အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(တာချီလိတ်)
၁၀။	မမ – ၃၂၀	မရွှေရည်မွန်း	(အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(သိန္နီ)
၁၁။	မမ – ၃၃၆	မနှင်းနုဝတ်ရည်	(အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(အမရပူရ)
၁၂။	မမ – ၄၂၈	မယဉ်ယဉ်ပိုင်း	(အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(ရန်ကုန်)
၁၃။	မမ – ၄၂၉	မနန်းသျှိုဝမ်း	(အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(နမ့်လန်)
၁၄။	မမ – ၄၅၄	မဝတ်မှုံသင်း	(အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(လွိုင်ကော်)
၁၅။	မမ – ၄၉၃	မဖန်ပိုးအိ	(အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(ချောက်)
၁၆။	မမ – ၅၃၈	မရတနာဆုမွန်အောင်	(အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(ပြင်ဦးလွင်)
၁၇။	မမ – ၅၅၃	မနန်းချိုချိုဦး	(အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(မူဆယ်)
၁၈။	မမ – ၇၆၉	မောင်ရဲမင်းခန့်	(အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(လားရှိုး)
၁၉။	မမ – ၈၂၄	မောင်အောင်ခန့်ဇော်	(အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(တောင်ငူ)
၂၀။	မမ – ၈၉၉	မောင်အုပ်စိုးပိုင်	(မြန်မာ၊ သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(ပြင်ဦးလွင်)
၂၁။	မမ – ၉၁၆	မောင်လောအောင်ဗိုလ်	(မြန်မာ၊ သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(ပြင်ဦးလွင်)
၂၂။	မဇသ – ၁၄၀	မနှင်းစန္ဒီစိုး	(မြန်မာ၊ သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(နေပြည်တော်)
၂၃။	မဇသ – ၁၅၉	မဖြိုးသဉ္ဇာထွန်း	(အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(နေပြည်တော်)
၂၄။	မဇသ – ၁၆၇	မအေးချမ်းပြည့်ဖြိုးပိုင်	(အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(နေပြည်တော်)
၂၅။	မဇသ – ၁၇၉	မကေခိုင်မြင့်မောင်	(အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(လယ်ဝေးမြို့)

အစကောင်းတဲ့ လူတွေ အနှောင်းသေချာခဲ့ပြီ

ဥတ္တာအောင်မြေလမ်း၊ MICC နှင့် မြို့မဈေးအနီး၊နေပြည်တော်။ ဖုန်း–၀၆၇ ၄၂၁၇၁၈၊ အမှတ်(၂၀၆)၊ ဘီလမ်း၊ပြင်ဦးလွင်။ ဖုန်း–၀၈၅ ၂၂၁၂၈၊

လေးဘာသာဂုဏ်ထူး

၁။	မမ – ၁၀၇	မဆုပြည့်ဇော်	(သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(ရွှာင်)
၂။	မမ – ၁၃၅	မယဉ်ယဉ်ထူး	(သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(ကျောက်မဲ)
၃။	မမ – ၂၀၇	မခင်သက်နွယ်	(သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(ကောလင်း)
၄။	မမ – ၃၀၃	မဖြိုးဖြိုးမြင့်	(သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(ပင်လုံ)
၅။	မမ – ၃၀၆	မဖြူးကလျာမြင့်	(သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(ပြင်ဦးလွင်)
၆။	မမ – ၃၁၄	မဆုထူးမွန်	(အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ)	(လားရှိုး)
၇။	မမ – ၃၃၃	မထားမောရီး	(သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(ကလေး)
၈။	မမ – ၃၄၀	မနန်းထွမ်းလှ	(သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(သီပေါ)
၉။	မမ – ၃၆၆	မနှင်းမိုမို့လွင်	(သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(မိတ္ထီလာ)
၁၀။	မမ – ၃၆၇	မောင်မောင်လွင်	(သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(ပြင်ဦးလွင်)
၁၁။	မမ – ၃၆၈	မစောသီရိလွင်	(သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(မန္တလေး)
၁၂။	မမ – ၃၈၉	မငြိမ်းဆုဝေ	(သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(နွားထိုးကြီး)
၁၃။	မမ – ၄၅၇	မယုမွန်သန့်	(အင်္ဂလိပ်၊ သင်္ချာ၊ ရူပ ၊ ဇီဝ)	(ရေစကြို)
၁၄။	မမ – ၄၇၈	မခင်သီသီဟန်	(သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(ပြင်ဦးလွင်)
၁၅။	မမ – ၄၉၂	မမိုင်မြတ်နိုးအိ	(သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(သီပေါ)
၁၆။	မမ – ၅၆၀	မကေဇင်ဦး	(သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(ပြင်ဦးလွင်)
၁၇။	မမ – ၅၈၂	မရွှေယမင်းဦး	(သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(မိတ္ထီလာ)
၁၈။	မမ – ၇၄၂	မောင်သူရကိုကို	(သင်္ချာ၊ ဓာတု၊ ရူပ ၊ ဇီဝ)	(စကု)
